# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၄)၊ အမှတ်(၃၄၅)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။


ယနေ့ ဖတ်စရာ

**နောင်ချိုမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး** ပြည်တွင်းသတင်း စာ ၂

**ဂေဟအကျိုးပြု စိုက်ပျိုးနည်းစနစ်ကောင်းများ** ဆောင်းပါး စာ ၆



**ငါးလုပ်ငန်းသိပ္ပံ(တွံတေး)ကျောင်းတော်ကြီးက ကြိုဆိုပါ၏** ဆောင်းပါး စာ ၁၀

**အာဖဂန် အမျိုးသမီးဝန်ထမ်းများအပေါ် စည်းမျဉ်းများဖယ်ရှားရန် တာလီဘန်တို့ကို ကုလတိုက်တွန်း** နိုင်ငံတကာသတင်း စာ ၁၄





## မောက်မယ်မြို့၏ အထင်ကရရှုခင်းဖြစ်သည့် မောက်မယ်ဗျူးပွိုင့် ဖွင့်လှစ်

**မောက်မယ် စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ဟိုလွိုင်ကျေးရွာအုပ်စု ကျောင်းခမ်းကျေးရွာအနီး၌ ရှမ်းပြည်နယ်အစိုးရ၏ Clean & Green လုပ်ငန်းဖြင့် ဆောင်ရွက်ခဲ့သော မောက်မယ်မြို့၏ ဂုဏ်ကျက်သရေဆောင် အထင်ကရမြို့ရှုခင်းဖြစ်သည့် မောက်မယ်ဗျူးပွိုင့် (MAWK MAI VIEW POINT)ကို စက်တင်ဘာ ၁၁ ရက်က ဖွင့်လှစ်လိုက်ရာ ဒေသခံတိုင်းရင်းသားများအတွက် အပန်းဖြေစရာနေရာတစ်ခု ဖြစ်လာသည်။

အဆိုပါ မောက်မယ်ဗျူးပွိုင့်ဖွင့်ပွဲတွင် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ရှမ်းတေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြကာ ဒေသခံများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်နှင့် တာဝန်ရှိသူများ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ဦးစိုင်းဆိုင်ဟန်နှင့် ဦးစိုင်းထွန်းထွန်းတို့က အဆိုပါ MAWK MAI VIEW POINT ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**



## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးမြေပဲစိုက်ခင်းများ စတင်နုတ်သိမ်း တစ်ကေလျှင် ၅၅ ဒသမ ၄၂ တင်းနှုန်းထွက်ရှိ

**ပွင့်ဖြူ စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများမှာ မိုးလေဝသကောင်းမွန်မှုကြောင့် အောင်မြင်ဖြစ်ထွန်းမှုရှိပြီး နုတ်သိမ်းခြွေလှေ့ချိန်ရောက်ရှိလာပြီဖြစ်၍ တောင်သူများက ဩဂုတ်လ ဒုတိယပတ်မှ စတင်နုတ်သိမ်းလျက်ရှိရာ တစ်ကေလျှင် မြေပဲတောင့် တင်းရေ ၅၅ ဒသမ ၄၂ တင်းနှုန်း ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရန်အတွက် မြေပဲ ၅၂၆၇ ကေ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ မြေပဲစိုက်ခင်းများကို တောင်သူများက ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် မြေပဲစိုက်ကေ ၃၈၂ ကေအထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၅၅ ဒသမ ၄၂ တင်း ထွက်ရှိကြောင်း သိရသည်။

**စာမျက်နှာ ၄ ကော်လံ ၁ ➡**

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# တောင်သူများ ပူးပေါင်းပါဝင်သော ရေငတ်ခံစပါးမျိုးများရွေးချယ်ရေး အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၃**

တောင်သူများ ပူးပေါင်းပါဝင်သော ရေငတ်ခံစပါးမျိုးများ ရွေးချယ်ရေး အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဗဟိုဌာန စိုက်ကွင်း၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများ၊ ရေနံချောင်း၊ ချောက်၊ ရမည်းသင်း၊ ပျော်ဘွယ်မြို့နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေမှ တောင်သူများ တက်ရောက်ကြသည်။**(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိုးရေရရှိမှုနည်းပါးသော မြေပြန့်ဒေသများတွင် စိုက်ပျိုးနိုင်သည့် ရေအနည်းလို ရေငတ်ဒဏ်ခံစပါးမျိုးများ ထုတ်လုပ်ဖြန့်ဖြူးပေးရန် လိုအပ်မည်ဖြစ်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက စမ်းသပ်စိုက်ပျိုးထားသော ယာစပါးမျိုး (၄) မျိုးကို ယနေ့တက်ရောက်လာသော တောင်သူများကိုယ်တိုင် ရွေးချယ်သွားကြရန် ဖြစ်ကြောင်း၊ တောင်သူအကြိုက်ဆုံးမျိုးကို လာမည့်စိုက်ပျိုးရာသီအချိန်မီဖြန့်ဝေရန် ဌာနပိုင်ခြံများတွင် မျိုးပွားထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ယခင်ယာစပါးစိုက်ဖူးသူ တောင်သူများအနေဖြင့် မိမိတို့၏ အတွေ့အကြုံများနှင့် လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ အကြံပြုဆွေးနွေးသွားကြရန် ဖိတ်ခေါ်ပါကြောင်း၊



ယခုကဲ့သို့ မိုးရေရရှိမှုနည်းပါးသော မြေပြန့်ဒေသများတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ချက်သည် ဒေသဝမ်းစာဖူလုံရေးအတွက် သာမက ဖောက်ပြန်ပြောင်းလဲလျက်ရှိသည့် ရာသီဥတုကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ အပူချိန်မြင့်တက်ခြင်းအပါအဝင် သဘာဝဘေးဆိုင်ရာ စိန်ခေါ်မှုများ ရင်ဆိုင်ကျော်လွှားနိုင်ရေးကိုလည်း ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၍ စားရေရိက္ခာဖူလုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဂေဟစနစ်တည်ငြိမ်ရေးအတွက် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရေငတ်ခံစပါးမျိုးများကို မိတ်ဆက်ရှင်းလင်းပြီး ယာစပါးစိုက်ပျိုးရာတွင် ဆောင်ရွက်ရမည့် နည်းပညာရပ်ဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ရေနံချောင်း၊ ချောက်၊ ရမည်းသင်း၊ ပျော်ဘွယ်နှင့် နေပြည်တော်ကောင်စီနယ်မြေမှ တက်ရောက်လာကြသူ တောင်သူ ၉၀ တို့က စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဗဟိုဌာနစိုက်ကွင်း၌ မျိုးယှဉ်ပြိုင်စိုက်ပျိုးထားသည့် ရေငတ်ခံစပါးမျိုး (၄) မျိုးကို ကွင်းဆင်းလေ့လာကြရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် သုတေသီပညာရှင်များက စပါးမျိုးတစ်မျိုးချင်း၏ မျိုးဗီဇလက္ခဏာများ၊ သဘာဝမိုးရေတစ်မျိုးတည်းဖြင့်သာ စိုက်ပျိုးထားရှိမှုနှင့် လက်ရှိစိုက်ပျိုးမြေ၏ အစိုဓာတ်အခြေအနေများကို အသေးစိတ် ရှင်းလင်းပြသကြသည်။

ဆက်လက်၍ လေ့လာရေးတောင်သူများသည် စပါးမျိုးတစ်မျိုးချင်းမှ ထွက်ရှိသော ဆန်အားချက်ထားသည့် ထမင်းများကို လက်တွေ့မြည်းစမ်းကြပြီး နှစ်သက်ရာ စပါးမျိုးကို မဲပေးရွေးချယ်ခဲ့ကြသည်။

ရေငတ်ခံစပါးစိုက်ပျိုးခြင်းသည် ရေလိုအပ်ချက်နည်းပြီး မိုးခေါင်ဒဏ်၊ အပူဒဏ် ခံနိုင်ရည်ရှိသဖြင့် မိုးရေရရှိမှုနည်းပါးသော မြေပြန့်ဒေသများတွင် စိုက်ပျိုးနိုင်ခြင်း၊ သက်တမ်းတိုခြင်း၊ မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်ပြီး မီသိန်းဓာတ်ငွေ့ထုတ်လုပ်မှုနည်းပါးမှုကြောင့် ရာသီဥတုပြောင်းလဲမှုအပေါ် သက်ရောက်မှုကို နည်းပါးစေခြင်း စသည့် အားသာချက်များရှိနေသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသတွင် စိုက်ပျိုးထုတ်လုပ်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယနေ့ ကွင်းဆင်းမျိုးရွေးချယ်ရန် စိုက်ပျိုးထားသော ယာစပါးမျိုးစိုက်ခင်းများကို ဆည်ရေမသွင်းဘဲ သဘာဝမိုးရေတစ်မျိုးတည်းဖြင့်သာ စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ပညာရှင်များ၏ ကွင်းဆင်းလေ့လာချက်အရ ရေနံချောင်း၊ ချောက်မြို့နယ်များ၌ သဘာဝအတိုင်းရရှိသည့် မိုးရေဖြင့် စိုက်ပျိုးနိုင်သော စပါးမျိုးများဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်အိမ်ထောင် သစ်မာပင် ၂၀ သစ်ပင်စိုက်ပျိုးရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြား

**နေပြည်တော် စက်တင်ဘာ ၁၃**

၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးမင်းဦးနှင့် နေပြည်တော်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးတို့က တစ်အိမ်ထောင် သစ်မာပင် ၂၀ သစ်ပင်စိုက်ပျိုးရခြင်း ရည်ရွယ်ချက်များနှင့် သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားကာ ဒေသခံတောင်သူများထံ သစ်မာပျိုးပင်များ ပေးအပ်ကြသည်။**(ယာပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သတ်မှတ်နေရာ၌ ၂၀၂၅ ခုနှစ် မိုးရာသီတစ်အိမ်ထောင် သစ်မာပင် ၂၀ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ခရေပင်ကို စိုက်ပျိုးပေးပြီး နေပြည်တော်ကောင်စီဝင်များနှင့် ဒေသခံပြည်သူများက ကျွန်း၊ ဆီသပြေ၊ ပိတောက်၊ ခရေစသည့် အပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် တပ်ကုန်းမြို့နယ် ရွှေမြို့ ဆိုလာစက်ရုံ လည်ပတ်ဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း၊ တပ်ကုန်းမြို့နယ် မကျီးပင် - ကျောက်စရစ်ကုန်း ကျေးရွာချင်းဆက်လမ်း မိုင်တိုင်အမှတ် ၁/၅ နှင့် ၁/၆ အတွင်း ညောင်ကိုင်းချောင်းရေတိုက်စားမှုကြောင့် ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာနေ တောင်သူဒေါ်ဝိုင်းကြည်၏ မန်ကျည်းရှားစိုက်ခင်းအတွင်း၌ မြေနိမ့်ကော်ဖီ (ရိုဘတ်စတာ) စိုက်ပျိုးထားရှိမှုနှင့် မြေပဲရိုး၊ နှမ်းရိုးတို့ဖြင့် သဘာဝမြေသြဇာပြုလုပ်ထားရှိမှုတို့ကိုလည်းကောင်း၊ ရာဇသင်္ဂဟ လမ်းမကြီးတစ်လျှောက် ကတ္တရာလမ်းခင်းနေမှုနှင့် သီရိမင်္ဂလာလမ်း တစ်လျှောက် လမ်းဘေး ပလက်ဖောင်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



ညနေပိုင်းတွင် ပတ္တာပျိုးခြံအမှတ်(၂)အတွင်း နှစ်တို၊ နှစ်ရှည် အရိပ်ရအပင်များ၊ ပန်းအလှပင်များ ပြုစုပျိုးထောင်ထားရှိမှု၊ ဇေယျဌာနီလမ်း တစ်လျှောက် လမ်းပိုင်းပြုပြင်နေမှု၊ နေပြည်တော် ရေပန်းဥယျာဉ်နှင့် ထိုက်သူပန် မြေယာရှုခင်းအတွင်း အရိပ်ရသစ်ပင်များ၊ ပန်းအလှပင်များ ပြုစုပျိုးထောင် ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

# ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

## ရှေးဦးပြုစုခြင်းသည် ဆေးရုံမရောက်မီ အသက်ကယ်ကုသခြင်း (Pre Hospital Care) ၏ အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်




**နေပြည်တော် စက်တင်ဘာ ၁၃**

၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ကြက်ခြေနီဗဟိုကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် မိတ်ဖက်အမျိုးသား ကြက်ခြေနီအသင်းများမှ တာဝန်ရှိသူများနှင့် ကြက်ခြေနီ စေတနာလုပ်အားရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ဆောင်ပုဒ်မှာ "ဥတုဖောက်ပြန် သဘာဝဘေးရန် ရှေးဦးပြုစုခြင်းဖြင့် တို့တုံ့ပြန်" " FIRST AID AND CLIMATE CHANGE" ဖြစ်ပါကြောင်း၊ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးတွင် ကြုံတွေ့လာနိုင်သော ထိခိုက်ဒဏ်ရာရရှိမှုများကို ရှေးဦးပြုစုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရန် အတွက် ရည်ရွယ်ဖော်ကျူးထားခြင်းဖြစ်ကြောင်း၊ ရှေးဦးပြုစုခြင်းသည် ဆေးရုံမရောက်မီ အသက်ကယ်ကုသခြင်း (Pre Hospital Care) ၏ အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ရှေးဦးပြုစုခြင်း (First Aid) ဖြင့် ကူညီပြုစုပေးပြီး ဆေးရုံကို ပို့ဆောင်ရာတွင် ဆေးရုံ၏ (Post Hospital Care) ကို များစွာအထောက်အကူဖြစ်ကြောင်း၊ လူနာများ အတွက် ဒဏ်ရာအခြေအနေ ပိုမိုမဆိုးစေရန်နှင့် အသက်ရှင်သန်စေရန်လည်း အခွင့်အလမ်းများ ပိုမို ရရှိစေမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို လူသားချင်းစာနာစိတ်အပြည့်ဖြင့် ရှေးဦးပြုစုခြင်းဆိုင်ရာလုပ်ငန်းများကို First Responder အဖြစ် ဆောင်ရွက်ပေးရုံသာမကဘဲ နိုင်ငံအတွင်းတွင် လူမှုကရုဏာဆိုင်ရာ အကူအညီလိုအပ်သူများအတွက် အကူအညီများပေးခြင်း၊ သဘာဝဘေးအန္တရာယ် အမျိုးမျိုးတွင် ကူညီခြင်း၊ စေတနာသွေးလှူရှင် လုပ်ငန်းများနှင့် အရေးပေါ်လူနာတင်ယာဉ်လုပ်ငန်းများ၊ ကိုဗစ် -၁၉ ရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများ၊ မိုခါမုန်တိုင်း၊ ရာဂီမုန်တိုင်းကြုံတင် ပြင်ဆင်တုံ့ပြန်ခြင်းလုပ်ငန်းများအပြင် ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးတွင် ထိခိုက်ခံစားခဲ့ရသော ပြည်သူလူထုအတွက် ရှေးဦးပြုစုခြင်းအပါအဝင် အခန်းကဏ္ဍအသီးသီးမှ ပါဝင်ကူညီဆောင်ရွက်နေ သည်ကို တွေ့မြင်ရကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် နိုင်ငံတကာနှင့် အပြည်ပြည် ဆိုင်ရာကြက်ခြေနီအသင်းအဖွဲ့များ ပူးပေါင်းပြီး သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့နေရ သည့် ပြည်သူများကို နိုင်ငံတကာကပေးသော အကူအညီအထောက်အပံ့များ ကူညီပံ့ပိုးရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အမှန်တကယ် လိုအပ်နေသည့် ပြည်သူလူထုလက်ထဲသို့ အချိန်မီရောက်ရှိစေရန် မြန်မာနိုင်ငံကြက်ခြေနီ အသင်းအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး စီမံခန့်ခွဲကြီးကြပ်ပေးရန် အလေးအနက် ထား ပြောကြားလိုကြောင်း။

ကြက်ခြေနီမောင်မယ်များအနေဖြင့် မိမိတို့ ပိုင်နိုင်စွာ တတ်ကျွမ်းထားသော ရှေးဦးပြုစုခြင်း နည်းစနစ်များကို အများပြည်သူ လက်လှမ်းမီသိရှိ သင်ယူနိုင်စေရန်အတွက် ကြိုးစားဆောင်ရွက်ကြ စေလိုကြောင်း၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခါသမယတွင် အသင်းအဆင့်ဆင့် တာဝန်ရှိသူများ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များအားလုံး ယခု ထက်ပိုမိုပြီး နိုင်ငံနှင့် ပြည်သူ့အကျိုးပြု လူမှုကရုဏာ လုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က ကမ္ဘာ့ရှေးဦးပြုစု ခြင်းနေ့အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက် များကို ရှင်းလင်းပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms.Nadia Khoury နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ကော်မတီမှ မြန်မာနိုင်ငံဆိုင်ရာ ဒုတိယဌာနေ ကိုယ်စားလှယ် Mr. Xavier Macquerh တို့က နှုတ်ခွန်းဆက်စကား ပြောကြားကာ ရှေးဦးပြုစုခြင်း ဆိုင်ရာ လှုပ်ရှားမှုမှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှေးဦး ပြုစုခြင်းစွမ်းရည်ပြိုင်ပွဲ တံခွန်စိုက်ဆုကို ချီးမြှင့် ပေးအပ်ပြီး ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်ပြခန်း ငယ်နှင့် ရွှေ့လျားရေသန့်စက်၊ Roam Water Filter တို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိ သည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်လစ်လပ်ရာထူး ၆၂၉ နေရာရွေးချယ်ပေးရန် ရေးဖြေစာမေးပွဲကို စာစစ်ဌာနငါးခု၌ တစ်ပြိုင်တည်းကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ကြော်ငြာစာအမှတ်၊ (၁/၂၀၂၅နှင့် ၂/၂၀၂၅) ပါ ဝန်ကြီးဌာနနှင့် အဖွဲ့ အစည်း ၁၉ ခုရှိ ပြန်တမ်းဝင် အရာရှိအဆင့် စတင်ခန့်လစ်လပ် ရာထူး ၆၂၉ နေရာ ရွေးချယ်ပေး ရန် ရေးဖြေစာမေးပွဲကို နေပြည် တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မကွေးမြို့နှင့် မော်လမြိုင်မြို့တို့ရှိ စာစစ်ဌာနငါးခု၌ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်မှ ၁၄ ရက် အထိ တစ်ပြိုင်တည်းကျင်းပ လျက်ရှိရာ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦးနှင့် တာဝန် ရှိသူများ လှည့်လည်ကြည့်ရှု သည်။ **(အပေါ်ယာပုံ)**



ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦးသည် မန္တလေးတိုင်း ဒေသကြီး မန္တလေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်း ကျောင်းရှိ မန္တလေးစာစစ်ဌာန၌ ရေးဖြေစာမေးပွဲ ဖြေဆိုနေမှုကို လည်းကောင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးရဲနိုင် သည် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်း ကျောင်းရှိ ရန်ကုန်စာစစ်ဌာန၌ ရေးဖြေစာမေးပွဲ ဖြေဆိုနေမှုကို လည်းကောင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့် သည် နေပြည်တော် အမှတ်(၃) နှင့် အမှတ်(၁၁) အခြေခံပညာ အထက်တန်း ကျောင်းများရှိ နေပြည်တော် စာစစ်ဌာနများ၌ ရေးဖြေစာမေးပွဲ ဖြေဆိုနေမှုကို လည်းကောင်း၊ အမြဲတမ်းအတွင်း ဝန် ဦးအောင်တင်စိုးသည် မကွေး တိုင်းဒေသကြီး မကွေးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်း ကျောင်းရှိ မကွေးစာစစ်ဌာန၌ ရေးဖြေစာမေးပွဲ ဖြေဆိုနေမှုကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ချုပ် ဦးလှအောင်သည် မွန်ပြည် နယ် မော်လမြိုင်မြို့ အမှတ်(၅) အခြေခံပညာ အထက်တန်း ကျောင်းရှိ မွန်ပြည်နယ် စာစစ်ဌာန ၌ ရေးဖြေစာမေးပွဲ ဖြေဆိုနေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှု ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အနေဖြင့် ဝန်ကြီးဌာနနှင့် အဖွဲ့ အစည်းအသီးသီးအတွက် လိုအပ် သည့် အရည်အသွေးပြည့်ဝသော ပြန်တမ်းဝင်အဆင့် စတင်ခန့် အရာထမ်းရာထူးများကို စနစ် တကျ ရွေးချယ်ပေးလျက်ရှိပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ ဘွဲ့ရပညာ တတ်လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရေး၊ အရည်အချင်းကိုအခြေခံ၍ လူမှန်၊ နေရာမှန် ခန့်အပ်နိုင်ရေးနှင့် အရည်အချင်းရှိသော ဘွဲ့ရလူငယ် များ ရွေးချယ်ခန့်ထားနိုင်ရေးတို့ အတွက် ရွေးချယ်ရေးလုပ်ငန်းစဉ် များကို အဆင့်မြှင့်တင်ဆောင်ရွက် လျက်ရှိကာ ယခုကျင်းပသော ရေးဖြေစာမေးပွဲသို့ နိုင်ငံတစ်ဝန်းမှ လာရောက် ဖြေဆိုကြသူ စုစုပေါင်း ၁၈၄၉ ဦးရှိကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

❍ ***ရွှေဖုံးမှ***

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း မြေပဲ ၃၆၁၉ ဧက လျာထားစိုက်ပျိုးခဲ့ရာမှာ ၅၂၆၇ ဧကအထိ စိုက်ပျိုးနိုင်ခဲ့လို့ သတ်မှတ်လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ ဆောလျင်စွာ စိုက်ပျိုးနိုင်ခဲ့တဲ့ မြေပဲစိုက်ခင်းတွေဟာ နုတ်သိမ်းခြွေလှေ့ချိန် ရောက်ပြီဖြစ်လို့ တောင်သူတွေက ဩဂုတ်လ ဒုတိယပတ်လောက်က စတင်နုတ်သိမ်းလျက်ရှိရာ ဒီနေ့အထိ ၃၈၂ ဧက နုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ဒီနှစ်မိုးလေဝသကလည်း ကောင်းမွန်ခဲ့လို့ မြေပဲစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိခဲ့ပြီး အထွက်နှုန်းလည်း ကောင်းပါတယ်။ တစ်ဧကကို မြေပဲတောင့်တင်းရေ ၅၅ ဒသမ ၄၂ တင်း ထွက်ရှိပါတယ်။"

"မြေပဲစိုက်ခင်းတွေ နုတ်သိမ်းတာနဲ့ပတ်သက်ပြီး အထွက်နှုန်း လျော့နည်းမှုမဖြစ်အောင် အချိန်မီ နုတ်သိမ်းခြွေလှေ့နည်းပညာနဲ့နုတ်သိမ်းပြီး မြေပဲတွေ အရည်အသွေးကောင်းမွန်အောင် စနစ်တကျ ထားသိုသိမ်းဆည်းတတ်စေဖို့ နည်းပညာပေးတာတွေ ဆောင်ရွက်ပေးထားပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာတွင် မြို့နယ်အတွင်းရှိ မြေပဲစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးနိုင်ရေး၊ မြေဩဇာ စနစ်တကျသုံးစွဲရေး၊ ပိုးမွှား ရောဂါကင်းရှင်းရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## မိုးအသင့်အတင့်ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံသည်းထန်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၃**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့်ထစ်ချုန်း ရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင် သည်။ **မိုး/ဇလ**

# AFC WOMEN'S CHAMPIONS LEAGUE 2025/2026 (Preliminary) ခြေစစ်ပွဲအောင်မြင်ခဲ့သည့် ISPE WFC (MYANMAR) အသင်းအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၃**

AFC WOMEN'S CHAMPIONS LEAGUE 2025/2026 (Preliminary) ခြေစစ်ပွဲအောင်မြင်ခဲ့သည့် ISPE WFC (MYANMAR) အသင်းအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီတွဲဖက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ အလှူရှင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးထံ တိုင်းဒေသကြီးဝန်ကြီးချုပ်က AFC WOMEN'S CHAMPIONS LEAGUE 2025/2026 (Preliminary) ခြေစစ်ပွဲ အောင်မြင်ခဲ့သည့် ISPE WFC (MYANMAR) အသင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်သည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ထံ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စေတနာရှင် အလှူရှင်များနှင့် အဖွဲ့အစည်းများမှ ပေးအပ်လှူဒါန်းခဲ့သည့် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်း ငွေကျပ်သိန်း ၁၇၁၅ တိတိကို AFC WOMEN'S CHAMPIONS LEAGUE 2025/2026 (Preliminary) ခြေစစ်ပွဲ အောင်မြင်ခဲ့သည့် ISPE WFC (MYANMAR) အသင်းသို့ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗဟန်းမြို့နယ်ရှိ ကျိုက္ကဆံဘတ်စကက်ဘော အားကစားရုံပြုပြင်နိုင်ရေး ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံကွင်းအတွင်းရှိ ပိုက်ကျော်ခြင်းအားကစားရုံအားပြုပြင်နေမှုကို လည်းကောင်း၊ ဘော်လီဘောအားကစားရုံရှိ အမိုးများ ပြုပြင်ပြီးစီးမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် တင်းနစ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ယနေ့ယှဉ်ပြိုင်သည့်ပွဲစဉ်များကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့အတွင်းရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်လုပ်ငန်းများ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဧည့်သည်များ လာရောက်တည်းခိုမှုနှင့် ဝန်ဆောင်မှု ပေးနေမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို စနစ်တကျလိုက်နာပြီး နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ခရီးသည်များအား ဝန်ဆောင်မှုကောင်းများပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဟိုတယ်ဝန်ထမ်းများကိုလည်း အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်ဝန်ထမ်းများဖြစ်အောင် စနစ်တကျလေ့ကျင့်သင်ကြားပြီး ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုအဆင့်အတန်း မြင့်မားလာအောင် ဆောင်ရွက်ကြရန်၊ မီးဘေးလုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်နှင့် အသိအမှတ်ပြုလက်မှတ်ရရှိအောင် ဆောင်ရွက်ထားကြရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန်အတွက် အမှိုက်များကို စနစ်တကျစွန့်ပစ်ရန်နှင့် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မဲခေါင်-လန်ချန်း စီမံကိန်း(၂၀၂၄)ဖြင့် နေပြည်တော်အတွင်း နွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာမျှဝေဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄) စီမံကိန်း အစီအစဉ်ဖြင့် နေပြည်တော်ဇေယျာအတွင်းရှိ နွားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာနှင့်ဗဟုသုတမျှဝေခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ဆင်တဲကြီးကျေးရွာ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မဲခေါင်-လန်ချန်း (၂၀၂၄) နွားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတာဝန်ခံက မဲခေါင်-လန်ချန်းစီမံကိန်းဖြင့် နွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအကြောင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ မျိုးပွားပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ပါမောက္ခ၊ တွဲဖက်ပါမောက္ခ ဆရာ ဆရာမများက နွားများကို အထွေထွေကျန်းမာရေး စောင့်ရှောက်ပေးရန် လိုအပ်ချက်များ၊ မျိုးအောင်ရန်ခက်ခဲသော မျိုးပွားအင်္ဂါဆိုင်ရာ ရောဂါလက္ခဏာများ၊ မျိုးပွားခြင်းနှင့်ပတ်သက်၍ ကြုံတွေ့နေရသော အခက်အခဲများ၊ မျိုးအောင်နှုန်းကောင်းစေရန်နှင့် မျိုးပွားအင်္ဂါ ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ လိုအပ်ချက်များ၊ မျိုးပွားခြင်းကို အဟန့်အတားဖြစ်စေသည့် ကူးစက်ရောဂါများနှင့် ပြသသည့်လက္ခဏာများ၊ ဖြေရှင်းခြင်းဆိုင်ရာ နည်းလမ်းများ၊ ခေတ်မီနည်းပညာများအသုံးပြုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောကြသည်။ တက်ရောက်လာသူ နွားမွေးမြူတောင်သူများက ပြန်လည်ဆွေးနွေး မေးမြန်းကြရာ တာဝန်ရှိသူများက သိရှိလိုသည်များကိုပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ်ရှိ စွန်စနုတ်စေတီတော်မြတ်ကြီး အတွင်း/အပြင်၌ မိုင်းယန်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းသိန်းနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## ကျောက်တန်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကျင်းပ

**ကျောက်တန်း စက်တင်ဘာ ၁၃**

ကျောက်တန်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျောက်တန်းမြို့(မြို့မ) အ.လ.က၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် ကျောက်တန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ အဖွဲ့ဝင် ဦးခိုင်ထွန်းဆွေက အမှာစကားပြောကြားကာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစောရွှေကျော်က ပြည်တွင်းအခွန်ဦးစီးဌာနအနေဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများကောက်ခံရာတွင် အခွန်ထမ်း ပြည်သူများအနေဖြင့် ပြဋ္ဌာန်းထားသည့် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများသိရှိပြီး ပေးဆောင်ရမည့် အခွန်များကို ကြည်ဖြူစွာ ပေးဆောင်ရန်နှင့် အခွန်ဆိုင်ရာဗဟုသုတများ သိရှိလာစေရန်အတွက် ယခုလိုအသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသော လုပ်ငန်းရှင်များက သိရှိလိုသည်များမေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ဘီးလင်းမြို့နယ်၌ (၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းတင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး စိုးမိုးရှိန်၊ တောင်စွန်းနယ်မြေရဲစခန်းမှူး ရဲအုပ် ဝင်းဇော်ထူးနှင့် တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စက်တင်ဘာ ၁၃ ရက်က ဘီးလင်းမြို့ ကန်သာယာရပ်ကွက်ရှိ ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ် (ပြန်/ဆက်)

# ဂေဟာအကျိုးပြု စိုက်ပျိုးနည်းစနစ်ကောင်းများ

ငွေးငွေးဦး(YAU)

- ❖ ကမ္ဘာ့မြေ၏ ၉၀ ရာခိုင်နှုန်းသည် သီးနှံတစ်မျိုးတည်း စိုက်ပျိုးသောစနစ်ဖြင့် တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးပြီး အထွက်နှုန်းကောင်းစေရန် ပြင်ပသွင်းအားစုများဖြစ်သည့် မြေသြဇာနှင့် ပေါင်းသတ်ဆေးတို့ကို အမြောက်အမြားထည့်သွင်း၍ စိုက်ပျိုးလာ
- ❖ ဓာတုဆေးများကို အတိုင်းအဆမရှိ အသုံးပြုလာကြသောကြောင့် စိုက်ခင်းအတွင်း ကြွင်းကျန်ခဲ့သော ဓာတုဆေးများကြောင့် မြေကြီးနှင့် အပင်ဂေဟစနစ်များ ပျက်စီးရုံသာမက မြေကြီးအတွင်း မှီတင်းနေထိုင်သော ဇီဝမျိုးကွဲမျိုးစုံလျော့နည်းလာမှုနှင့် မျိုးသုဉ်းပျောက်ကွယ်မှု၊ ရှင်သန်ပေါက်ပွားနေထိုင်ရာ မူရင်းဒေသများ ဆုံးရှုံးပျောက်ကွယ်မှုများ ဖြစ်ပေါ်လာရ
- ❖ စိုက်ပျိုးရေးအခြေခံသော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် ချိတ်ဆက်၍ သီးနှံတစ်မျိုးတည်းကိုသာ စက်စွမ်းအားအသုံးပြုပြီး ဆက်တိုက်စိုက်ပျိုးလာကြခြင်းကြောင့် ပေါ်ပေါက်လာသော နောက်ဆက်တွဲပြဿနာများဖြစ်

မြန်မာနိုင်ငံအတွင်းရှိ မှီတင်းနေထိုင်လျက်ရှိကြသော လူသားအားလုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာပျော်ရွှင်ရေးအတွက် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟာစနစ်တို့ကို ထိန်းသိမ်းကြရန် လွန်စွာအရေးကြီးလှပါသည်။

ပတ်ဝန်းကျင်ဆိုသည်မှာ မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာတို့ ပါဝင်သည့် လူသားတို့ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာအကြောင်းအချက်များကိုလည်းကောင်း၊ တိရစ္ဆာန်နှင့်အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း ဆိုလိုပါသည်။

လူသားတို့တည်မှီရာ ဂေဟစနစ်ဆိုသည်မှာ ဇီဝမျိုးကွဲတို့သည် ၎င်းတို့တည်မှီရာ ပတ်ဝန်းကျင်နှင့် အပြန်အလှန်ဆက်နွယ်မှုရှိကြပြီး သက်ရှိသတ္တဝါများ၊ သက်မဲ့ရုပ်ဝတ္ထုများနှင့် အပင်များသဟဇာတဖြစ်လျက် အပြန်အလှန်တည်မှီ၍ ဖြစ်ပေါ်ပြောင်းလဲနေခြင်းကို ဆိုလိုပါသည်။ ထို့ကြောင့် ဂေဟစနစ်နှင့်သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်တတ်စေရန် လူသားတိုင်းပတ်ဝန်းကျင်ဆိုင်ရာ အသိပညာများကို သေချာစွာနားလည်သဘောပေါက်တတ်ကျွမ်းနေဖို့ လိုအပ်ပါသည်။ ဂေဟစနစ်များကို သစ်တောဂေဟစနစ်၊ ရေချိုဂေဟစနစ်၊ အဏ္ဏဝါနှင့် ကမ်းရိုးတန်းဂေဟစနစ်စိုက်ပျိုးမြေနှင့် မြက်ခင်းပြင်ဂေဟစနစ်၊ တောင်တန်းဂေဟစနစ်၊ သစ်ဆွေးမြေဂေဟစနစ်နှင့် မြို့ပြဂေဟစနစ်ဟူ၍ ခွဲခြားထားပါသည်။ ဂေဟစနစ်များသည် အပင်များနှင့် သတ္တဝါများအတွက် ရှင်သန်ပေါက်ပွားရန်၊ ကြီးထွားရန်၊ ရွှေ့လျားရန်နှင့် မျိုးပွားရန်အတွက် အမယ်မျိုးစုံကို ထောက်ပံ့ပေးပါသည်။

ယခုအခါ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းသည် သန့်ရှင်းသောသောက်သုံးရေနှင့် ကောင်းမွန်သော မြေဆီလွှာတို့ကို ရရှိအသုံးပြုနိုင်သော အခွင့်အလမ်းများဆုံးရှုံးနေရခြင်းမှာ ဂေဟစနစ်ယိုယွင်းပျက်စီးမှုများကြောင့်ဖြစ်သည်ဟု ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်၏ တင်ပြချက်များအရ သိရှိရပါသည်။ ၁၉၅၀ ပြည့်လွန်နှစ်များမှစ၍ လူသားများသည် ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖြစ်ပေါ်လာခြင်း၊ မြေထု၊ ရေထု၊ လေထုများ ညစ်ညမ်းလာခြင်း၊ ကမ္ဘာ့အိုဇုန်းလွှာ ယိုယွင်းပျက်စီးလာခြင်း၊ သဘာဝသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးပျောက်ကွယ်မှုများ တိုးပွားဖြစ်ပေါ်လျက်ရှိခြင်းနှင့် ဂေဟစနစ်ယိုယွင်းပျက်စီးလာခြင်း စသည့်အန္တရာယ်များဖြင့် ရင်ဆိုင်ကြုံတွေ့နေရပေသည်။

ထို့အပြင် စားရေရိက္ခာမလုံလောက်ခြင်း၊ ဆင်းရဲမွဲတေခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း စသော လူမှုစီးပွားရေးပြဿနာများနှင့်လည်း ရင်ဆိုင်ကြုံတွေ့နေကြရသည်။ သို့သော် ကမ္ဘာ့မြေ၏ ၉၀ ရာခိုင်နှုန်းသည် သီးနှံတစ်မျိုးတည်း စိုက်ပျိုးသောစနစ်ဖြင့် တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးပြီး အထွက်နှုန်းကောင်းစေရန် ပြင်ပသွင်းအားစုများဖြစ်သည့် မြေသြဇာနှင့် ပေါင်းသတ်ဆေးတို့ကို အမြောက်အမြားထည့်သွင်း၍ စိုက်ပျိုးလာကြသည်။

ဤစနစ်ကိုကျင့်သုံးရာ၌ ဖျက်ပိုးနှင့်ရောဂါများကျရောက်ပါက သွင်းအားစုကုန်ကျစရိတ်များကို အဆုံးအရှုံးမခံနိုင်သောကြောင့် ဓာတုပိုးသတ်ဆေးများကို မဖြစ်မနေ အလွန်အကျွံအသုံးပြုလာကြသည်။ ထိုကဲ့သို့ ဓာတုဆေးများကို အတိုင်းအဆမရှိ အသုံးပြုလာကြသောကြောင့် စိုက်ခင်းအတွင်း ကြွင်းကျန်ခဲ့သော ဓာတုဆေးများကြောင့် မြေကြီးနှင့် အပင်ဂေဟစနစ်များ ပျက်စီးရုံသာမက မြေကြီးအတွင်း မှီတင်းနေထိုင်သော ဇီဝမျိုးကွဲမျိုးစုံလျော့နည်းလာမှုနှင့် မျိုးသုဉ်းပျောက်ကွယ်မှု၊ ရှင်သန်ပေါက်ပွား နေထိုင်ရာမူရင်းဒေသများ ဆုံးရှုံးပျောက်ကွယ်မှုများဖြစ်ပေါ်လာရပေသည်။

အဆိုပါဖြစ်ရပ်များသည် စိုက်ပျိုးရေး အခြေခံသော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် ချိတ်ဆက်၍ သီးနှံတစ်မျိုးတည်းကိုသာ စက်စွမ်းအားအသုံးပြုပြီး ဆက်တိုက်စိုက်ပျိုးလာကြခြင်းကြောင့်ပေါ်ပေါက်လာသော နောက်ဆက်တွဲပြဿနာများဖြစ်သည်။ ဂေဟစနစ် ယိုယွင်းပျက်စီးမှုများ မဖြစ်ပေါ်စေရန် သဘာဝပုံစံအတိုင်း ညီညွတ်မျှတစွာ လည်ပတ်ဆောင်ရွက်မှုရှိသော သဘာဝဂေဟစနစ်ကို စံနမူနာပြု၍ ဂေဟအကျိုးပြု စိုက်ပျိုးနည်းစနစ်များကို ဖော်ဆောင်ရန် လိုအပ်လာပါသည်။

စိုက်ပျိုးရေးသည် နိုင်ငံတော်အတွက် အခြေခံကျသောအရေးကြီးသည့် အသက်သွေးကြောဖြစ်သောကြောင့် ရေရှည်တည်တံ့သောထုတ်လုပ်မှုကို ပေးနိုင်မည့် သဘာဝဂေဟစနစ်ကို စံပြုထားသော စိုက်ပျိုးနည်းစနစ်ကောင်းများ တစ်နည်းဆိုရသော် ဂေဟအကျိုးပြု စိုက်ပျိုးနည်းစနစ်များကို နိုင်ငံတစ်ဝန်း လိုက်နာကျင့်သုံးလာကြရန် လွန်စွာအရေးကြီးလှပါသည်။

ထို့ကြောင့် ဂေဟအကျိုးပြု စိုက်ပျိုးနည်းစနစ်များနှင့် ယင်းနည်းစနစ်များကို ကျင့်သုံးပါက ရရှိစေနိုင်သည့် အကျိုးကျေးဇူးများကို ဖော်ပြအပ်ပါသည်။

### သီးလှည့်စိုက်ပျိုးခြင်း

သီးလှည့်စိုက်ပျိုးခြင်းဆိုသည်မှာ သီးနှံနှစ်မျိုး သို့မဟုတ် နှစ်မျိုးထက်ပို၍စိုက်ပျိုးသော သီးနှံပုံစံတစ်ခုဖြစ်သည်။ မြေတစ်နေရာတည်း၌ နှစ်စဉ်စပါးသီးနှံကို ဆက်တိုက်စိုက်ပျိုးခြင်းကြောင့် မြေထဲရှိ အာဟာရဓာတ်များ လျော့နည်းလာတတ်သဖြင့် မြေဆီလွှာအာဟာရဓာတ်ထိန်းသိမ်းရန် မိုးစပါးအပြီး မိုးနှောင်းတွင် ပဲသီးနှံကို သီးလှည့်အနေဖြင့် စိုက်ပျိုးပေးသင့်ပါသည်။ ထိုကဲ့သို့စိုက်ပျိုးခြင်းအားဖြင့် ပဲသီးနှံရိတ်သိမ်းချိန်တွင် သီးနှံ၏အရိုးအမြှော်များကို မြေတွင်းသို့ ပြန်လည်ထယ်ထိုးမြေမြှုပ်ခြင်းအားဖြင့် မြေဆီလွှာအာဟာရဓာတ်နှင့် နွေစပါး၏ အထွက်နှုန်းတို့ကို တိုးစေနိုင်ပါသည်။ ထို့အပြင် ဖျက်ပိုးနှင့် ရောဂါကွင်းဆက်များ ပြတ်တောက်စေပြီး ပေါင်းပေါက်ရောက်မှုကို လျော့နည်းသက်သာစေသည်။

### သီးနှံစုံရောနှောစိုက်ပျိုးခြင်း

သီးနှံစုံရောနှောစိုက်ပျိုးခြင်းသည် တူညီသော စိုက်ပျိုးမြေကွက်တွင် တိကျသောအတန်းလိုက် အစီအစဉ်မရှိဘဲ နှစ်မျိုး သို့မဟုတ် နှစ်မျိုးထက် ပိုသောသီးနှံများကို ရောနှော၍ စိုက်ပျိုးခြင်းဖြစ်သည်။ ယင်းနည်းစနစ်ကိုကျင့်သုံးပါက မြေဆီလွှာအာဟာရဓာတ်ထိန်းသိမ်းပေးခြင်း၊ ဖျက်ပိုးနှင့်ရောဂါကွင်းဆက်များ ပြတ်တောက်စေပြီး ပေါင်းပေါက်ရောက်မှုကို လျော့နည်းသက်သာစေသောကြောင့် သီးနှံအထွက်ကို ရေရှည်ထိန်းထားနိုင်စေသည်။

### သီးနှံသစ်တောရောနှောစိုက်ခင်းများ

သီးနှံသစ်တောရောနှော စိုက်ခင်းဆိုသည်မှာ မြေဧရိယာတစ်ခုတည်းပေါ်တွင် နှစ်ရှည်သစ်ပင်များကို ရာသီသီးနှံများနှင့်ရောနှော၍ ရံဖန်ရံခါ တိရစ္ဆာန်များကိုပါ တစ်ချိန်တည်းသော်လည်းကောင်း၊ အချိန်မျှ၍သော်လည်းကောင်း စိုက်ပျိုးမွေးမြူ၍ မြေဧရိယာပေါ်တွင် အကျိုးအမြတ်အများဆုံးရရှိရန် ရေရှည်တည်တံ့သောစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နိုင်သော မြေယာအသုံးချမှုစနစ်တစ်ခုဖြစ်သည်။ တိရစ္ဆာန်များမှရရှိသော အော်ဂဲနစ်မြေသြဇာသည် သီးနှံပင်အတွက် အကျိုးရှိစေခြင်း၊ နှစ်ရှည်ပင်မှသစ်ရွက်ဆွေးများသည် မြေကြီးအတွင်း အာဟာရဓာတ်ဖြည့်တင်းပေးခြင်းနှင့် လွတ်ကျောင်းတိရစ္ဆာန်များအတွက် အရိပ်ရစေခြင်းအစရှိသော အပြန်အလှန်မှီခိုအကျိုးပြုခြင်းတို့ကိုရရှိစေသည်။

### အကန့်လိုက်စိုက်ပျိုးခြင်း

အကန့်လိုက်စိုက်ပျိုးခြင်းသည် အကွက်ကျယ်အတွင်း အလျားရှည်၍ အနံတိုသောအကန့်များကို ပြုလုပ်ပြီး အကန့်တစ်ခုစီတွင် သီးနှံတစ်မျိုးကို အတန်းလိုက်စိုက်ပျိုးခြင်းဖြစ်သည်။ တစ်လှည့်စီထားသောအကန့်များ၌ နှစ်မျိုး သို့မဟုတ် ထိုထက်ပိုသော သီးနှံမျိုးများကို တစ်ပြိုင်နက်စိုက်ပျိုးခြင်းဖြင့် ဖျက်ပိုးနှင့်ရောဂါများကျရောက်မှုကို လျော့ကျစေပြီး ပေါင်းပေါက်ရောက်မှုကို လျော့နည်းသက်သာစေသောကြောင့် သီးနှံများ၏ အထွက်နှုန်းကို ရေရှည်ထိန်းထားနိုင်စေသည်။

### ဘက်စုံစိုက်ပျိုးမွေးမြူရေး

ဘက်စုံစိုက်ပျိုးမွေးမြူရေးဆိုသည်မှာ ရရှိနိုင်သောအရင်းအမြစ်များကို *စာမျက်နှာ ၇ သို့*




မြေဖုံးပစ္စည်းများဖြစ်ကြသော ပြောင်းရိုးနှင့်ကောက်ရိုးများကို အသုံးပြုထားသော ပြောင်းသီးနှံစမ်းသပ်စိုက်ခင်းအား တွေ့ရစဉ်။



သစ်စိမ်းမြေသြဇာအဖြစ်အသုံးပြုနိုင်သော ပိုက်ဆံလျှော်သီးနှံစိုက်ခင်းအား တွေ့ရစဉ်။



ပြောင်းရိုးများကိုဖြတ်တောက်ကာ ပြောင်းစိုက်တန်းများကြားဖုံး၍ စိုက်ပျိုးထားသည့် စိုက်ခင်းအား တွေ့ရစဉ်။

- ❑ ဂေဟစနစ် ယိုယွင်းပျက်စီးမှုများ မဖြစ်ပေါ်စေရန် သဘာဝပုံစံအတိုင်း ညီညွတ်မျှတစွာ လည်ပတ်ဆောင်ရွက်မှုရှိသော သဘာဝဂေဟစနစ်ကို စံနမူနာပြု၍ ဂေဟအကျိုးပြု စိုက်ပျိုးနည်းစနစ်များကို ဖော်ဆောင်ရန် လိုအပ်လာ
- ❑ စိုက်ပျိုးရေးသည် နိုင်ငံတော်အတွက် အခြေခံကျသောအရေးကြီးသည့် အသက်သွေးကြောဖြစ်သောကြောင့် ရေရှည်တည်တံ့သောထုတ်လုပ်မှုကို ပေးနိုင်မည့် သဘာဝဂေဟစနစ်ကို စံပြုထားသော စိုက်ပျိုးနည်းစနစ်ကောင်းများ တစ်နည်းဆိုရသော် ဂေဟအကျိုးပြု စိုက်ပျိုးနည်းစနစ်များကို နိုင်ငံတစ်ဝန်း လိုက်နာကျင့်သုံးလာကြရန် လွန်စွာအရေးကြီး

*စာမျက်နှာ ၆ မှ*

အလေအလွင့်မရှိစေဘဲ ပြန်လည်အသုံးပြုကာ သီးနှံများ စိုက်ပျိုးခြင်းနှင့်တိရစ္ဆာန်များ မွေးမြူခြင်း စနစ်တစ်ခုဖြစ်သည်။ ဤစနစ်တွင် စိုက်ပျိုးရေးမှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်မွေးမြူရေးအတွက် အသုံးပြုပြီး မွေးမြူရေးမှရရှိသော ဘေးထွက်ပစ္စည်းများကို စိုက်ပျိုးရေးတွင် ပြန်လည်အသုံးပြုသည်။ ဤကဲ့သို့ လုပ်ဆောင်ခြင်းအားဖြင့် စိုက်ပျိုးသဘာဝပတ်ဝန်းကျင်ကို သဘာဝပုံစံအတိုင်း ညီညွတ်မျှတစွာ လည်ပတ်စေပြီး ဂေဟစနစ်ယိုယွင်းပျက်စီးမှုများ လျော့နည်းစေသည်။

**သစ်စိမ်းမြေဩဇာသီးနှံစိုက်ပျိုးခြင်း**

ယခုအခါဓာတ်မြေဩဇာရှားပါးပြီး အဆမတန်ဈေးကြီးလာသောအခြေအနေတွင် စိုက်ပျိုးသူတောင်သူများအတွက် ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကို ထိန်းသိမ်းနိုင်ရန်နှင့် စိုက်ပျိုးသူတောင်သူများ ဝင်ငွေရရှိစေရန်အတွက် မြေသားဖွဲ့စည်းတည်ဆောက်မှုကို ကောင်းမွန်စေသည့် သစ်စိမ်းမြေဩဇာစိုက်ပျိုးခြင်းကို တောင်သူများ လက်တွေ့အသုံးချစိုက်ပျိုးသင့်ပါသည်။ သစ်စိမ်းမြေဩဇာတွင် ပဲမျိုးရင်းဝင်အပင်နှင့်ပဲမျိုးရင်းဝင်မဟုတ်သောသီးနှံဟူ၍ သစ်စိမ်းမြေဩဇာသီးနှံနှစ်မျိုး ရှိပါသည်။ ပဲမျိုးရင်းဝင်အပင်များသည် မြေဆီလွှာရှိ ဇက်တီးရီးယားများနှင့် ပူးပေါင်းပြီး နိုက်ထရိုဂျင်ကိုထိန်းညှိပေးသည့် လုပ်ငန်းစဉ်တွင် နိုက်ထရိုဂျင်စုဆောင်းခြင်း လုပ်ငန်းစဉ်ဖြင့် မြေဆီလွှာရှိ ဇက်တီးရီးယားများနှင့် ပူးပေါင်းလုပ်ဆောင်သည့် အမြစ်ဖုများပါသည့်အပင်များ ဖြစ်ပါသည်။ အချို့သော ပဲမျိုးရင်းဝင် သစ်စိမ်းမြေဩဇာသီးနှံများမှာ ပဲလွမ်း၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပိုက်ဆံလျှော်၊ ဥဏ်ပင် စသည်တို့ ပါဝင်ပါသည်။ သီးနှံပင်များ ရိတ်သိမ်းပြီးနောက် သစ်စိမ်းမြေဩဇာစိုက်ပျိုး၍ မြေတွင်းသို့ထယ်မှောက်ကာ ပြန်လည်ထည့်သွင်းပေးခြင်းဖြင့် သစ်ဆွေးဓာတ်ပါဝင်မှု တိုးလာကာ မြေဆီလွှာအာဟာရဓာတ်နှင့် သီးနှံထုတ်လုပ်မှုကို တိုးတက်စေခြင်း၊ မြေနှင့်ရေတိုက်စားမှုအားလျော့ကျစေခြင်း၊ အာဟာရဓာတ်များ ရေစီးကြောင်းဖြင့် တိုက်စားသွားခြင်းနှင့် မြေအောက်သို့စိမ့်ဝင်ဆုံးရှုံးသွားခြင်းတို့ကို လျော့ကျသွားစေသည့်အပြင် ပေါင်းမြက်ပင်များ ပေါက်ရောက်ခြင်းကိုလည်း ကာကွယ်ပေးနိုင်ပါသည်။

**သီးနှံစိုက်တန်းကြားဖုံးအုပ်ခြင်း**

သီးနှံပင်များစိုက်ပျိုးရာတွင် ကောက်ရိုး၊ နှမ်းရိုး၊ ပြောင်းရိုးအစရှိသော သီးနှံအကြွင်းအကျန်များကို သီးနှံစိုက်တန်းများကြားတွင် ဖုံးအုပ်၍စိုက်ပျိုးခြင်းအားဖြင့် ပေါင်းပေါက်ရောက်မှု လျော့နည်းစေသည်။ ထို့အပြင် လေဒဏ်၊ မိုးဒဏ်ကြောင့် မြေကြီးအပေါ်ယံလွှာတိုက်စားခံရမှုများ လျော့နည်းသက်သာစေခြင်းနှင့် အစိုဓာတ်ထိန်းထားနိုင်မှုများခြင်းတို့ကြောင့် သီးနှံ၏အထွက်နှုန်းကို တိုးတက်စေနိုင်ပါသည်။ မြေဖုံးခြင်းနည်းစနစ်များ အသုံးပြုစိုက်ပျိုးခြင်းသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကိုလည်း ခံနိုင်ရည်ရှိကြောင်း တွေ့ရှိရပါသည်။

နိဂုံးချုပ်အနေဖြင့် အထက်ဖော်ပြပါ နည်းလမ်းကောင်းများကို ကျင့်သုံးခြင်းဖြင့် ဆုတ်ယုတ်ပျောက်ကွယ်စဖြစ်နေသော ဂေဟစနစ်များ ပြန်လည်ဖော်ထုတ်ရန်အတွက် တိုက်ရိုက်အကျိုးပြုစေပြီး ပစ္စုပ္ပန်နှင့်အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ကောင်းမွန်ပြီးသန့်ရှင်းသည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန်၊ ကျေးလက်နှင့် မြို့ပြပတ်ဝန်းကျင်နေပြည်သူများ၏ ကျန်းမာရေးပိုမိုကောင်းမွန်ကာ သန့်ရှင်းသောရေရရှိနိုင်မှု၊ ရေရှည်တည်တံ့သော အစားအစာစားသုံးမှုနှင့် ထုတ်လုပ်မှုပုံစံတို့ကိုလည်း ထောက်ပံ့ပေးနိုင်ပေမည်။ ရာသီဥတုပြောင်းလဲမှုကို သွယ်ဝိုက်သောနည်းအားဖြင့် လျှော့ချပေးပြီး လိုက်လျောညီထွေနေထိုင်နိုင်ရေးတို့ကိုလည်း ပံ့ပိုးပေးမည်ဖြစ်သည်။

ဂေဟအကျိုးပြု စိုက်ပျိုးနည်းစနစ်များဆိုင်ရာ အသိအမြင်များ ပြန့်ပွားရေးအတွက် ပညာသင်ကြားရေးအစီအစဉ်များကို စိုက်ပျိုးသူတောင်သူများ သိရှိပြီး ပူးပေါင်းပါဝင်မှု ပိုမိုတိုးတက်လာစေရေး မြန်မာနိုင်ငံရှိသုတေသနနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းရပ်များကို တိုးမြှင့်လုပ်ဆောင်ကာ အဆိုပါနည်းစနစ်ကောင်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# မိုးလေဝသအသိကို နားလည်ခြင်းသည် သီးနှံစိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်တို့ကို သတ်မှတ်ရာတွင်သာမက ရေကြီးခြင်း၊ မိုးခေါင်ခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်ရန်အတွက်လည်း အထောက်အကူပြု

နေပြည်တော် စက်တင်ဘာ ၁၃

**(၈၃)ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း (AERDTC) ခန်းမ၌ ကျင်းပရာ သက်ဆိုင်ရာပညာရှင်များက “မိုးလေဝသနှင့်ဇလဗေဒအကြောင်းသိကောင်းစရာများ” ခေါင်းစဉ်ဖြင့် တင်ပြဆွေးနွေးကြသည်။**

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ယနေ့ဆွေးနွေးမည့် “မိုးလေဝသနှင့် ဇလဗေဒအကြောင်း သိကောင်းစရာများ” ခေါင်းစဉ်သည် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုကို တိုက်ရိုက်ခံစားနေကြရသော စိုက်ပျိုးရေးကဏ္ဍအတွက် အရေးပါသောအကြောင်းအရာ ဖြစ်ပါကြောင်း၊ မိုးရွာသွန်းမှု၊ ရေအရင်းအမြစ်များ စီမံခန့်ခွဲမှုနှင့် ရာသီဥတုခန့်မှန်းချက်များအား မိုးလေဝသအသိကို အခြေခံ၍ နားလည်ခြင်းသည် သီးနှံစိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်တို့ကို သတ်မှတ်ရာတွင် သာမက ရေကြီးခြင်း၊ မိုးခေါင်ခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်ရန်အတွက်လည်း အထောက်အကူပြုပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာသစ်များ မိတ်ဆက်ပေးခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထူးအလေးထား အားဖြည့်ဆောင်ရွက်ခြင်းတို့ကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုဆွေးနွေးပွဲတွင် ကျွမ်းကျင်ပညာရှင်များနှင့် တောင်သူများ အနီးကပ်တွေ့ဆုံဆွေးနွေးနိုင်မှု အခွင့်အရေးကို ပိုင်နိုင်စွာရယူပြီး ဆွေးနွေးမှုမှရရှိလာသည့်



အသိပညာ၊ အတွေ့အကြုံများကို မိမိတို့၏ လယ်ယာလုပ်ငန်းခွင်တွင်အသုံးချကာ လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်အားထုတ်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန စိုက်ပျိုးရေးမိုးလေဝသဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဟန်ဆွေက မိုးလေဝသနှင့်ရာသီဥတုတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ မြန်မာနိုင်ငံရာသီဥတု၏ အပူပိုင်းမုတ်သုံရာသီဥတုကာလနှင့် မုတ်သုံရာသီလွန်ကာလများ၊ အယ်နီညို၏ ပြင်းအားဖြစ်ပေါ်မှုအကြိမ်နှင့် ဆက်စပ်၍ အစွန်းရောက်အမြင့်ဆုံးအပူချိန်ဖြစ်ရပ်များ၊ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်မှုနောက်ကျလာပြီး မြန်မာနိုင်ငံတွင်းမှ အနောက်တောင်မုတ်သုံလေဆုတ်ခွာမှုကာလ၊ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းမှ သုံးပတ်ခန့်နှင့် အခြားဒေသများမှ တစ်ပတ်ခန့် ပုံမှန်ထက်တိုတောင်းလာမှု၊ ကမ္ဘာ့အပူချိန်မြင့်တက်နှုန်း၊ မြန်မာ့အပူချိန်မြင့်တက်နှုန်း၊ မြန်မာနိုင်ငံ၏ နှစ်တစ်နှစ်အတွင်း လအလိုက်ကျရောက်နိုင်သည့် ဘေးအန္တရာယ်များအား ဖော်ပြထားသည့် ဘေးအန္တရာယ်ပြက္ခဒိန်၊ မြန်မာနိုင်ငံတွင် အဓိကအရေးကြီးသော မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ဘေးအန္တရာယ်များ၊ ရာသီဥတုပြောင်းလဲခြင်းကိုဖြစ်ပေါ်စေသည့် ဖန်လုံအိမ်အာနိသင်၊ အစွန်းရောက်ရာသီဥတုဖြစ်စဉ်ကို ပိုမိုဖြစ်ပေါ်စေသောအကြောင်းရင်းများကို ဆွေးနွေးတင်ပြရာ ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များအပေါ် ရှင်းလင်းဖြေကြားသည်။

ယနေ့ကျင်းပသည့် ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်နှင့် သုတေသီ ၆၀၊ မကွေး၊ ရေနံချောင်း၊ ချောက်၊ မိတ္ထီလာ၊ ရမည်းသင်းနှင့် နေပြည်တော်တို့မှ တောင်သူ ၁၃၀ တို့ တက်ရောက်ကြပြီး၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ပညာရှင်နှင့်တောင်သူ ၂၇၅ ဦးတို့က zoom point ၁၀၀ မှ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မုံရွာမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မုံရွာ စက်တင်ဘာ ၁၃**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ မုံရွာမြို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ကျောင်းသား ကျောင်းသူများ ကျန်းမာသန်စွမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။ (ယာပုံ)

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ဆရာ ဆရာမများအား တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ စားသုံးဆီများ၊ ဆန်များနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများမှ ကျောက္ကာလမ်း မုံရွာတက္ကသိုလ်မှ ပြည်ထောင်စုလမ်းအထိ လမ်းဘေးဝဲ/ယာရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များရှိ ဆရာတော်ကြီးများ ဆွမ်းအခက်အခဲမရှိစေရေးတို့အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဆေးနှင့် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်းခြင်းကို မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိပညာရောင်ခြည်ကျောင်းတိုက်နှင့် တိပိဋကာ လင်္ကာရကျောင်းတိုက်၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်တို့၌ကျင်းပရာ ဆရာတော်ကြီးနှင့် ပင့်သံဃာဆရာတော်ကြီးများထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဆေးနှင့် ဆွမ်း ဆန်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်းကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# လွိုင်ကော်မြို့၌ နေရပ်ပြန်တောင်သူများအား နေကြာမျိုးစေ့၊ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ယူရီးယားဓာတ်မြေဩဇာများ ပေးအပ်ပွဲကျင်းပ

**လွိုင်ကော် စက်တင်ဘာ ၁၃**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လွိုင်ကော်မြို့ လင်ဖုံလေးကျေးရွာ၌ ကျင်းပသည့် နေရပ်ပြန်ပြည်သူများအား ဆောင်းသီးနှံစိုက်ပျိုးရန်အတွက် နေကြာမျိုးစေ့၊ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် ယူရီးယားဓာတ်မြေဩဇာများ ပေးအပ်ပွဲသို့ တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ပြည်နယ် စိုက်ပျိုးရေးဦးစီးမှူးက ဆောင်းသီးနှံစိုက်ပျိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လင်ဖုံလေးကျေးရွာမှ ဆောင်းသီးနှံစိုက်ပျိုးမည့် တောင်သူများအတွက် နေကြာမျိုးစေ့၊ ဟင်းသီးဟင်းရွက်မျိုးစေ့နှင့် ယူရီးယားဓာတ်မြေဩဇာများ ပေးအပ်ကြသည်။



ထို့နောက် လင်ဖုံလေးကျေးရွာနေ ရပ်မိရပ်ဖများက အခက်အခဲများနှင့် ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ဆောင်းသီးနှံစိုက်ပျိုးရန် ထွန်စက်များ အသုံးပြု၍ မြေပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ကျေးရွာအတွင်း ပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်မှု၊ ကျေးရွာအတွင်း လျှပ်စစ်မီး ပြန်လည်ရရှိရေးဆောင်ရွက်နေမှုနှင့် အကြမ်းဖက်သောင်းကျန်းသူ များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လင်ဖုံလေးကျေးလက် ကျန်းမာရေးဌာနခွဲနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ အဆောက်အအုံများ ပြန်လည်ပြင်ဆင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကိုဆွေးနွေးမှာကြားကာ လင်ဖုံလေးကျေးရွာ မင်္ဂလာစွမ်းသျှန်ဘုန်းတော်ကြီးကျောင်းနှင့် လင်ဖုံလေး ပရိယတ္တိစာသင်တိုက်ကျောင်းထိုင်ဆရာတော်များအား ဖူးမြော်ကြည်ညို၍ ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ယမန်နေ့ကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ထိခိုက်ပျက်စီးခဲ့သည့် လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ပန်ကန်း) ရုံးခန်း၊ ကျောင်းစာကြည့်တိုက်နှင့် စာသင်ဆောင်များ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ မိုင်းလုံးရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ရုံးခန်းနှင့် စာသင်ဆောင်များ ပြင်ဆင်ဆောင်ရွက်နေမှုကို လည်းကောင်း၊ မိုင်းလုံးရပ်ကွက် မိုင်းလုံးနှစ်ခြင်းခရစ်ယာန်အသင်းတော် ဘုရားရှိခိုးကျောင်းနှင့် ခန်းမဆောင် ပြုပြင်ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တောင်ကြီး စက်တင်ဘာ ၁၃**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးဦးဆောင်သော တပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ယနေ့တွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးပြီး **(ယာပုံ)** စဝ်စံထွန်းဆေးရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့၊ ဂနိုင်ကန်သာယာ(၃) ကို သွားရောက်၍ ဂနိုင်ကန်သာယာ (၃) တွင် ပန်းအလှပင်များ စိုက်ပျိုးမည့်နေရာနှင့် ကွန်ကရစ်လမ်းခင်း ဆောင်ရွက်မည့် နေရာများကိုလည်းကောင်း၊ ကန်အဝင်ရှေ့ အနောက် မြို့ပတ်လမ်း ရေကြီးရေလျှံ မဖြစ်စေရေးအတွက် ရေနုတ်မြောင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းအခမ်းအနားသို့တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌမှ ပေးပို့သည့် သဝဏ်လွှာကို ရှမ်းပြည်နယ် (တောင်ပိုင်း) ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ဖတ်ကြားပြီး ဂုဏ်ပြုဆုများ ချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်က ဘက်စုံစွမ်းဆောင်ရည်ဆု၊ အရေးပေါ်လူနာတင်ယာဉ် လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစွမ်းဆောင်ရည်ဆု၊ သွေးလှူရှင်စုဆောင်းခြင်းနှင့် သွေးလှူဒါန်းခြင်း လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိသူများကို လည်းကောင်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်က သဘာဝဘေးအန္တရာယ်တုံ့ပြန်မှု စွမ်းဆောင်ရည်ဆု ရရှိသူများကို လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ၂၀၂၅ ခုနှစ်



စံပြကြက်ခြေနီ ဂုဏ်ပြုဆုရရှိသူများ၊ ရှေးဦးပြုစုခြင်း ပညာပြန့်ပွားရေး စွမ်းဆောင်ရည်ဆုရရှိသူများ၊ လူမှုကရုဏာလုပ်ငန်းများအတွက် လှူဒါန်းသည့် အလှူရှင်နှင့် ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးလုပ်ငန်းတွင် ပါဝင်ကူညီခဲ့ကြသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များကိုလည်းကောင်း ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများက ပြခန်းခင်းကျင်းပြသသည့် စီမံကိန်း၊ စီမံချက်(၃) ခုကို ဂုဏ်ပြုဆုပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ကြည့်ရှုအားပေး



**နေပြည်တော် စက်တင်ဘာ ၁၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော် ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၊ နန်းမြို့တွင်း၊ ပြင်ဦးလွင်မြို့နှင့် မိတ္ထီလာမြို့တို့ရှိ တပ်မတော်ဆေးရုံများ၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယမန်နေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါး ကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညွှန်ကြားသည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (Myanmar Inspection and Testing Services Ltd. – MITS) ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယမန်နေ့က ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် ဒါရိုက်တာအဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းနှင့် ဘုရင့်နောင်ကုန်စည်ဒိုင်တို့မှ ဥက္ကဋ္ဌများ၊ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက MITS အနေဖြင့် လက်ရှိတွင် ပြည်ပပို့ကုန်များဖြစ်သည့် လယ်ယာထွက်ကုန်သီးနှံများ၏ အရေအတွက်နှင့် အရည်အသွေးစစ်ဆေးခြင်း၊ ပြည်ပမှတင်သွင်းသည့် စားအုန်းဆီများနှင့် ဘူးသွင်းဆီ(Consumer Pack) ဖြင့် တင်သွင်းသည့် စားသုံးဆီများကို စစ်ဆေးခြင်း၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ကတ္တရာများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ကိုယ်စားပြုနမူနာရယူခြင်း စသည့်လုပ်ငန်းများကို ဝန်ဆောင်မှုပေးလျက်ရှိသည်ဟု သိရှိကြောင်း၊ MITS အနေဖြင့် အခြားပို့ကုန်သွင်းကုန်များကိုလည်း ထပ်မံတိုးချဲ့စစ်ဆေးနိုင်ရေး ဆောင်ရွက်ရန်နှင့် MITS သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အားကိုးအားထားနိုင်သည့် အဖွဲ့အစည်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် အဖွဲ့အစည်း၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး အဂတိတရားကင်းရှင်းသည့် အဖွဲ့အစည်းဖြစ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် MITS ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌက လီမိတက်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုတင်ပြပြီး ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းကာ MITS တွင် ပို့ကုန် သွင်းကုန်စစ်ဆေးရန် လုပ်ငန်းအများဆုံးအပ်နှံပေးကြသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းဆင်း

**နေပြည်တော် စက်တင်ဘာ ၁၃**

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၈၀) ၏ သင်တန်းဆင်းပွဲကို ယမန်နေ့က နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က ဆရာ ဆရာမများအနေဖြင့် စွမ်းဆောင်ရည်နှင့် အတတ်ပညာများ ပြည့်ဝနေရမည်ဖြစ်ပြီး ကာလရက်သတ္တ ငါးပတ်ကြာမြင့်တပည့်များကို သင်ကြားရင်း မိမိကိုယ်တိုင် ပြောင်းလဲနေသည့် ခေတ်စနစ်နှင့် ကိုက်ညီမည့် နည်းပညာနှင့် သင်ကြားနည်းစနစ်များကို လေ့လာဆည်းပူးနေရမည် ဖြစ်ကြောင်း၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန် ပညာတတ်လူသားအရင်းအမြစ် များစွာ ပေါ်ထွန်းရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် နိုင်ငံတော်အတွက် အားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်အောင် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၉၇ ဦး၊ သင်တန်းသူ ၃၉၀ စုစုပေါင်း ၄၈၇ ဦး တက်ရောက်ကြပြီး သင်တန်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က အရာထမ်းလောင်း (အထူး) သင်တန်းအမှတ်စဉ် (၁၅) နှင့် အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၇၁) တို့ သင်ခန်းစာသင်ယူနေမှုကိုလည်းကောင်း၊ တက္ကသိုလ်စစ်ရေးပြကွင်း၌ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၁၁၄) လက်နက်မဲ့စစ်ရေးပြလေ့ကျင့်နေမှုကို လည်းကောင်း၊ သင်တန်းရိက္ခာအတွက် တက္ကသိုလ်မှ စိုက်ပျိုးထားရှိသော ရာသီသီးနှံများနှင့် သင်တန်းအိပ်ဆောင်အလိုက် သင်တန်းသူသင်တန်းသားများ စိုက်ပျိုးထားရှိသည့် ရာသီသီးနှံစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၁၁၄) မှ သင်တန်းသားများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြစ်ကြီးနားမြို့၌ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၁၃**

၂၀၂၅ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ကြက်ခြေနီ ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်း ကျောင်းပေါင်းစုံ သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၃ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်ကြက်ခြေနီကြီးကြပ်မှု ကော်မတီနာယကကိုယ်စား ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကြက်ခြေနီ တပ်ဖွဲ့ဝင် လူငယ်မောင်မယ်များက ကြက်ခြေနီ ဂုဏ်ပြုတေးသီချင်း သီဆိုဖျော်ဖြေခဲ့ကြပြီး မြို့နယ်အသင်းခွဲ ဥက္ကဋ္ဌ ဦးယော်ဘောမ်က ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်ထံမှ ပေးပို့လာသည့် သဝဏ်လွှာကို ဖတ်ကြားပြီး မြို့နယ်အသင်းခွဲ ဒုတိယဥက္ကဋ္ဌ ဦးဘရန်ရှောင်က အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသားလူငယ်များအား ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းဖွင့်လှစ်ပေးခဲ့သည့် ရည်ရွယ်ချက်များနှင့် သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အခြေခံပညာကျောင်းပေါင်းစုံ ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ငါးလုပ်ငန်းသိပ္ပံ(တွံတေး)ကျောင်းတော်ကြီးက ကြိုဆိုပါ၏

ဩဂုတ်လ ပထမပတ်ထဲက နေ့တစ်နေ့ နံနက်ခင်း သတင်းစာဖတ်ရင်း ကြော်ငြာစာမျက်နှာထိပ်ဆုံးမှာ "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)က ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာပထမနှစ် သင်တန်းသား ခေါ်ယူခြင်း"ဆိုတဲ့ ကြော်ငြာလေးကို ဖတ်လိုက်မိပါတယ်။ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)ဆိုတာကိုဖတ်မိတော့ စိတ်ဝင်စားသွားမိတယ်။ ကွင်းစကွင်းပိတ် ( – )နဲ့ ရေးထားတာလေးက ကိုယ့်မွေးရပ်မြေ၊ ကြီးပြင်းရာဒေသ၊ နေထိုင်နေဆဲ မြို့အဝန်းအဝိုင်းထဲက ဖြစ်နေလို့ပါပဲ။ အဲဒီကြော်ငြာလေးကို ဆက်ဖတ်လိုက်မိပါတယ်။

ဝင်းထွဋ်ဦး

ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာသင်တန်းကို တက္ကသိုလ်ဝင်တန်းစာမေးပွဲအား (သိပ္ပံတွဲ)နဲ့ အောင်မြင်ပြီး လျှောက်လွှာပိတ်ရက် (၃၀-၉-၂၀၂၅) ရက်နေ့မှာ အသက် ၂၂ နှစ်ထက် မကြီးသူဖြစ်ရပါမယ်။ ဒီပလိုမာသင်တန်းကို တက်ရောက်ခွင့်ရရှိသူဟာ သုံးနှစ်သင်တန်း တက်ရောက်ရမှာ ဖြစ်ပါတယ်။ သင်တန်းအောင်မြင်ပါက ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးဒီပလိုမာ အောင်လက်မှတ် (Diploma in Fisheries and Aquaculture)ပေးအပ်မှာ ဖြစ်ပါတယ်။

**အလုပ်အကိုင်အခွင့်အလမ်းတွေရရှိ**

ဒီပလိုမာသင်တန်း အောင်မြင်ပြီး သတ်မှတ်အရည်အချင်း ပြည့်မီသူများကို ရန်ကုန်တက္ကသိုလ်မှာ B.Sc (Fisheries and Aquaculture) သင်တန်း တက်ရောက်ဖို့ ဝင်ခွင့်ဖြေဆိုခွင့်ရရှိမယ်လို့ ဖော်ပြထားပါတယ်။ ဒီပလိုမာသင်တန်းသုံးနှစ်ပြီးဆုံးပါက ဌာနနဲ့ပြင်ပပုဂ္ဂလိက ကုမ္ပဏီတွေမှာ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိမှာဖြစ်တယ်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ကြတဲ့အထဲက(သိပ္ပံတွဲ) နဲ့ အောင်မြင်ကြပြီး ငါးလုပ်ငန်းနဲ့ရေသတ္တဝါ မွေးမြူရေး စိတ်ပါဝင်စားကြတဲ့ သားငယ်သမီးငယ်တွေ အနာဂတ်အတွက် ကောင်းလိုက်တဲ့ အစီအစဉ်ပါပဲလို့ စိတ်ထဲတွေးတောမိလိုက်တယ်။ တစ်ဆက်တည်းပါပဲ အဲဒီငါးလုပ်ငန်းသိပ္ပံ(တွံတေး) ကျောင်းတော်ကြီးရဲ့အကြောင်းကို နိုင်ငံတစ်ဝန်းလုံး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အသီးသီးက ငါးလုပ်ငန်းနဲ့ရေသတ္တဝါမွေးမြူရေး စိတ်ပါဝင်စားကြတဲ့ သားငယ်သမီးငယ်တွေ သိရှိဗဟုသုတရနိုင်ကြစေဖို့ ဆောင်းပါးလေးတစ်ပုဒ် ရေးလိုက်ရရင် ကောင်းမှာပဲလို့ စဉ်းစားမိလိုက်တယ်။

ဒီလိုနဲ့ရက်သိပ်မကြာလိုက်ပါဘူး၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)မှာ ကျင်းပမယ့် အသိပညာပေးဟောပြောပွဲမှာ သားငယ် သမီးငယ်တွေကို စာပေနဲ့ဆိုင်တဲ့ ဗဟုသုတရဖွယ် အကြောင်းအရာတွေ ပြောပြပေးဖို့ ဖြစ်လာခဲ့တယ်။ ဟောပြောပွဲမှာ စာဖတ်ခြင်းရဲ့အကျိုးကျေးဇူး၊ စာဖတ်ခြင်း အလေ့အထ၊ စာဖတ်ရှိန်မြင့်မားတိုးတက်စေဖို့နဲ့ စကားလက်ဆောင် စတာတွေကို ရှင်းလင်းပြောပြပေးခဲ့တယ်။

မမျှော်လင့်ထားဘဲ ငါးလုပ်ငန်းသိပ္ပံ(တွံတေး) ကျောင်းတော်ကြီးဆီရောက်ခဲ့တယ်။ ကျောင်းတော်ကြီးကို မျက်မြင်တွေ့ခဲ့ရသလို ကျောင်းတော်ကြီးနဲ့ သက်ဆိုင်တဲ့အကြောင်းအရာတွေကို အတော်များများ သိခဲ့ရတယ်၊ မှတ်သားခွင့်ရခဲ့တယ်။ အဲဒါကြောင့်ပဲ အရင်က ငါးလုပ်ငန်းနဲ့ရေသတ္တဝါ မွေးမြူရေး စိတ်ပါဝင်စားကြတဲ့ သားငယ်သမီးငယ်တွေ သိရှိဗဟုသုတရနိုင်ကြစေဖို့ ဆောင်းပါးလေးတစ်ပုဒ် ရေးမယ့်စိတ်ကူးကို ချက်ချင်းဆိုသလို အကောင်အထည်ဖော်လိုက်မိပါတယ်။




ငါးလုပ်ငန်းသိပ္ပံ(တွံတေး)ကျောင်းကို တွေ့ရစဉ်။

**သားတို့ သမီးတို့ရေ...**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲအောက်ရှိ ငါးလုပ်ငန်းသိပ္ပံ (တွံတေး)ကို မြန်မာနိုင်ငံရဲ့ ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ် သို့မဟုတ် ငါးလုပ်ငန်းဒီဂရီကောလိပ် တစ်ခု ဖြစ်လာစေဖို့ မျှော်မှန်းပြီး စတင်ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။

**ပထမဆုံး ငါးလုပ်ငန်းသိပ္ပံကျောင်း**

ငါးလုပ်ငန်းသိပ္ပံ (တွံတေး) ကျောင်းဖွင့်ပွဲနဲ့ ရေသတ္တဝါမွေးမြူရေးဒီပလိုမာ ပထမနှစ်သင်တန်းဖွင့်ပွဲကိုတော့ ၁၂-၁၂-၂၀၂၂ ရက်က ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီကျောင်းတော်ကြီးဟာ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာအောင်လက်မှတ် (Diploma in Fisheries and Aquaculture) အပ်နှင်းမယ့် ပထမဆုံးသိပ္ပံကျောင်းလည်း ဖြစ်ပါတယ်။

ငါးလုပ်ငန်းသိပ္ပံ (တွံတေး) ရဲ့ တည်နေရာ အကျယ်အဝန်းကို ဆက်ပြီးပြောပြချင်ပါတယ်။ ရန်ကုန်မြို့ကနေဆိုရင် ၂၆ ဒသမ ၉၅၆ ကီလိုမီတာ အကွာအဝေးမှာ တည်ရှိပါတယ်။ တွံတေး-မအူပင်ကားလမ်း တွံတေးခရိုင် တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာနဲ့ မြဂိုးကျေးရွာအကြားမှာပါ။ အကျယ်အဝန်း ဧရိယာကတော့ ၉၂ ဒသမ ၈၄၆ ဧကကျယ်ဝန်းတယ်။ ကျောင်းအတွက် လိုအပ်တဲ့ အဆောက်အအုံတွေ၊ သင်ထောက်ကူပစ္စည်းတွေအတွက် နိုင်ငံတော်က ကျပ် ၁၉၉၇ ဒသမ ၉၅၅ သန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့တယ်။ ခမ်းနားလှပတင့်တယ်တဲ့ ကျောင်းတော်ကြီး တစ်ခုရဲ့ အသွင်သဏ္ဌာန်အတိုင်း ပြီးပြည့်စုံအောင် ဆောက်လုပ်ပေးခဲ့တယ်။ ဆက်ပြီးတော့လည်း နှစ်အလိုက်လိုအပ်တဲ့ အဆောက်အအုံတွေ၊ လမ်းတွေကို ဆက်လက်တိုးချဲ့ တည်ဆောက်ပေးနေတယ်။ မြန်မာနိုင်ငံ ငါးလုပ်ငန်းဆိုင်ရာတက္ကသိုလ် သို့မဟုတ် ငါးလုပ်ငန်းဒီဂရီကောလိပ်တစ်ခု ဖြစ်လာစေဖို့ မျှော်မှန်းချက်ထားရှိတာကြောင့် တက္ကသိုလ် ဒီဂရီကောလိပ်အဆင့် လိုအပ်တာတွေကို ဖြည့်ဆည်းပေးနေတာပါပဲ။



ကျောင်းသား ကျောင်းသူများ လက်တွေ့လေ့လာသင်ယူနေစဉ်။

နောက်ထပ် သားတို့သမီးတို့ကို သိစေချင်တာက ငါးလုပ်ငန်းသိပ္ပံ(တွံတေး)ကျောင်းသစ် တည်ဆောက်ဖွင့်လှစ်ရတဲ့ရည်ရွယ်ချက် ငါးချက်ပဲဖြစ်ပါတယ်။ အဲဒီရည်ရွယ်ချက်ငါးချက်က

(က) မြန်မာနိုင်ငံတွင် ငါး/ပုစွန် မွေးမြူထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ကျွမ်းကျင်သော အလယ်အလတ်အဆင့် ငါး/ပုစွန် မွေးမြူရေး အတတ်ပညာရှင်များ မွေးထုတ်ပေးရန်။

(ခ) ရေသတ္တဝါမွေးမြူရေး စိတ်ပါဝင်စားတဲ့ တက္ကသိုလ်ဝင်တန်းအောင်လူငယ်များအတွက် အဓိကဘာသာရပ်တစ်ခုအဖြစ် စာတွေ့လက်တွေ့ လေ့လာပညာသင်ကြားနိုင်တဲ့ အခွင့်အလမ်းရရှိလာနိုင်စေရန်နဲ့ ပညာရပ်နဲ့ ကိုက်ညီတဲ့ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာနိုင်စေရန်။

(ဂ) မြန်မာ့ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တောင်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခွင့်အလမ်းသစ်များရရှိ ဖော်ဆောင်နိုင်ရေး အစီအစဉ်များတွင် အထောက်အကူပြုပါဝင်ဆောင်ရွက်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးမြှင့်ရရှိလာနိုင်စေရန်။

(ဃ) ရေနေပတ်ဝန်းကျင်၊ ရေပြင်ရှိ သက်ရှိအပင်နှင့် သတ္တဝါများ၏ ဇီဝဗေဒနှင့် ဂေဟစနစ်၊ ရေသယံဇာတအရင်းအမြစ်နှင့် ၎င်းတို့၏ထုတ်လုပ်ခြင်း၊ ရေနေသက်ရှိများ၏ ဓာတုဓာတ်များ ပါဝင်မှုနှင့် ၎င်းတို့ကို အသုံးပြုခြင်းဆိုင်ရာ အခြေခံပညာရပ်များ နားလည်သိရှိစေရန်။

(င) ရေငန်ငါးလုပ်ငန်း အထောက်အကူဖြစ်စေရန် ရေငန်ပတ်ဝန်းကျင်၊ ရေငန်သက်ရှိများ၏ ဇီဝ၊ ဓာတုပါဝင်မှုများနှင့် ရေငန်သယံဇာတထိန်းသိမ်းရေးပညာရပ်ကို လေ့လာသိရှိနိုင်ရန်တို့ပဲ ဖြစ်ပါတယ်။

သားတို့သမီးတို့ရေ...ငါးလုပ်ငန်းသိပ္ပံ(တွံတေး) ကျောင်းစဖွင့်တဲ့ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် သင်တန်းသားခေါ်ယူခြင်းကို နိုင်ငံပိုင်သတင်းစာတွေကနေ ကျယ်ကျယ်ပြန့်ပြန့် ကြော်ငြာခေါ်ယူခဲ့တယ်။ နောက်နှစ်တွေမှာလည်း ကြော်ငြာပြီးခေါ်ခဲ့တယ်။ အခုနှစ်မှာလည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် နိုင်ငံပိုင်သတင်းစာတွေကနေ ပထမနှစ်သင်တန်းသားခေါ်ယူနေပါတယ်။

သင်တန်းကာလသုံးနှစ်မှာ သင်ကြားမယ့် ဘာသာရပ်တွေကိုလည်း သားတို့ သမီးတို့ ကြိုသိထားနိုင်အောင် ပြောပြပါ့မယ်။ ငါးမျိုးအမည် သရုပ်ခွဲခြင်း၊ ငါးအစာအာဟာရ ငါးအစာနဲ့အစာကျွေးခြင်း၊ မျိုးပွားခြင်းဆိုင်ရာဇီဝဗေဒ၊ ရေချိုငါးသယံဇာတနဲ့ဂေဟစနစ်၊ ငါးလုပ်ငန်းဆိုင်ရာဇီဝဗေဒ၊ ငါးသားဖောက်ရုံစီမံခန့်ခွဲမှုနဲ့အသုံးချနည်းပညာ၊ ငါးမွေးကန်စီမံခန့်ခွဲမှုနဲ့ အသုံးချနည်းပညာ၊ ရေသတ္တဝါ မွေးမြူရေးအင်ဂျင်နီယာပညာ၊ ဇီဝကမ္မဗေဒ၊ ငါးမျိုးရိုးဗီဇဆိုင်ရာ၊ ငါးလုပ်ငန်းဆိုင်ရာစီးပွားရေးပညာ၊ အစားအစာဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ စီမံခန့်ခွဲမှု၊ စီမံကိန်းရေးဆွဲခြင်းနဲ့ စီမံခန့်ခွဲခြင်း၊ ငါးသယံဇာတဂေဟဗေဒ၊

စာမျက်နှာ ၁၁ သို့

❖ ရေသတ္တဝါမွေးမြူရေး စိတ်ပါဝင်စားတဲ့ တက္ကသိုလ်ဝင်တန်းအောင်လူငယ်များအတွက် အဓိကဘာသာရပ်တစ်ခုအဖြစ် စာတွေ့လက်တွေ့ လေ့လာပညာသင်ကြားနိုင်တဲ့ အခွင့်အလမ်းရရှိလာနိုင်စေရန်နဲ့ ပညာရပ်နဲ့ ကိုက်ညီတဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်

❖ မြန်မာ့ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တောင်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခွင့်အလမ်းသစ်များရရှိ ဖော်ဆောင်နိုင်ရေးအစီအစဉ်များတွင် အထောက်အကူပြု ပါဝင်ဆောင်ရွက်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးမြှင့်ရရှိလာနိုင်

## ကျိုက်မရောမြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံ ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပြိုင်ပွဲကျင်းပ

**ကျိုက်မရော စက်တင်ဘာ ၁၃**

ကျိုက်မရောမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ ဗုဒ္ဓဒေသနာတော်ရွတ်ဆိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၉ ရက်က ဦးလေးကျေးရွာ ဝေဠုဝန်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ ဝေဠုဝန်ကျောင်းတိုက်ဆရာတော် ဦးပုညာနန္ဒက ဗုဒ္ဓဒေသနာတော် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပွဲ ပြုလုပ်ရခြင်းမှာ ဗုဒ္ဓဘာသာကျောင်းသား ကျောင်းသူများအနေဖြင့် ငယ်ရွယ်စဉ်ကစ၍ ဘုရားရှင်၏ ဗုဒ္ဓစာပေကျမ်းဂန်များကို ပီသစွာရွတ်ဆိုနိုင်စေရန်နှင့် ဘာသာတရားကို ရင်းနှီးကျွမ်းဝင်စေရန် ရည်ရွယ်၍ ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း မိန့်ကြားသည်။

အဆိုပါ ဗုဒ္ဓဒေသနာတော်ရွတ်ဆိုပြိုင်ပွဲသို့ ကျိုက်မရောမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ အထက်တန်း၊ အလယ်တန်း ကျောင်းပေါင်း ၁၇ ကျောင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၃၅ ဦးတို့က အဖွဲ့လိုက် ရွတ်ဆိုယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းများအား ဆရာတော်နှင့် မြို့နယ်သာသနာရေးဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **ကျိုက်မရော(ပြန်/ဆက်)**

## သရက်ချောင်းမြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**သရက်ချောင်း စက်တင်ဘာ ၁၃**

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကို စက်တင်ဘာ ၁၀ ရက်က သရက်ချောင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ သရက်ချောင်းမြို့နယ်တပ်နယ်မှူးနှင့် တာဝန်ရှိသူများက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးပြီး ပါဝင်ယှဉ်ပြိုင်သော ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်များကို လက်ဆောင်ပေးအပ်သည်။



ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းခလိုက်ရှုက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး Book Club အဖွဲ့ဝင် ဒေါ်မိသူဇာနှင့် စာရေးဆရာမ နုနှင်းသစ်တို့က ကျောင်းသား ကျောင်းသူများအား စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

## ဇီးကုန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် အသိပညာပေး

**ဇီးကုန်း စက်တင်ဘာ ၁၃**

ဇီးကုန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသိပညာပေး ရှင်းလင်းခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၁၁ ရက်က အမှတ်(၄)ရပ်ကွက် မြို့လယ်သံဓမ္မာရုံ၌ ပြုလုပ်သည်။

အသိပညာပေးရှင်းလင်းပွဲတွင် ဇီးကုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးအရာရှိ ဒေါ်ခင်စုစုနှင်းက မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ မဲပေးပုံအဆင့်ဆင့်ကို ပြည်သူများ သိရှိနိုင်ရေးရည်ရွယ်၍ အသိပညာပေး ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ မဲပေးသည့်ပုံစံနှင့် ရွေးကောက်ပွဲကျင်းပမည့်ပုံစံ (အပိုင်းလိုက်)တို့ကို ရှင်းလင်းပြောကြားပြီး မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်း သိကောင်းစရာများ၊ ယင်းစက်အသုံးပြု၍မဲပေးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား မဲပေးပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **တင့်ဆွေ(ပြန်/ဆက်)**



## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၃**

နေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရွာမကျေးရွာရှိသက်တံ့ရောင်ဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ဆောင်ရွက်သည့် ပျဉ်းမနားဟောင်း စိုက်ပျိုးရေးထုတ်လုပ်ရေး သမဝါယမအသင်းသား တောင်သူ ဦးမျိုးလင်းထက်၏ ထိုင်းနံ့ကောက်မိုးစပါး ငါးကေတွင် သွင်းအားစုများကြဲပက်ခြင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် ရွာမစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးဖိုးဇော်၏ ထိုင်းနံ့ကောက်သုံးကေတွင် ဓာတ်မြေဩဇာကြဲပက်နေမှုများကို နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် ဒိုးနွယ်အုပ်စု ရွာသစ်ကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ ဆီထွက်သီးနှံစိုက်ပျိုးမည့် အသင်းသား တောင်သူများနှင့်တွေ့ဆုံ၍ ဆောင်းမြေပဲစိုက်ပျိုးရန်အတွက် လိုအပ်သည့်သွင်းအားစုနှင့် အထွက်နှုန်းကောင်းသည့် တောင်သူကြိုက်မျိုးများကို သမဝါယမအသင်းအချင်းချင်း ပံ့ပိုးသည့်စနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် အသင်းသားများအနေဖြင့် အမှန်တကယ်စိုက်ပျိုးရန်လိုအပ်ကြောင်း ပြောကြားပြီး အသင်းသားတောင်သူများ၏ ပြန်လည်ဆွေးနွေးမှုများကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## ဒေးဒရဲမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ဒေးဒရဲ စက်တင်ဘာ ၁၃**

ဒေးဒရဲမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်များ၊ အသိပညာပေးနံရံကပ်စာစောင်များ ပြသခြင်းကို စက်တင်ဘာ ၁၁ ရက်က ဝွေးကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား ကျောင်းသူများ ဗလငါးတန်ပြည့်စုံ၍ အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ စာပေဗဟုသုတများစွာ သိုလှောင်ထားသည့် ပညာဘဏ်တိုက် စာကြည့်တိုက်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီး စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန် ဟောပြောသည်။ ထို့နောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များနှင့် အသိပညာပေး နံရံကပစာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **အေဇာလင်း**



## ကွန်ပျူတာတက္ကသိုလ်(ဟသ္တာတ)၌ ICT Project ပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်

**ဟင်္သာတ စက်တင်ဘာ ၁၃**

ဟင်္သာတမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ)၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ICT Project ပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၂ ရက်က အဆိုပါကျောင်း ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ် (ဟင်္သာတ) ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြတ်အောင်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဆုရရှိသူများအား ကြေညာ၍ ဆုရရှိသူများက မိမိတို့ပြုလုပ်ထားသော Project များကို ရှင်းလင်းပြသခဲ့ကြပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာ ထွန်းမြတ်အောင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ **ခရိုင်(ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

ရေသတ္တဝါရောဂါဗေဒ စတဲ့ဘာသာရပ်တွေအပြင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာဘာသာရပ်တွေပဲဖြစ်တယ်။ အဲဒီဘာသာရပ်တွေကို နှစ်အလိုက် စာတွေ့လက်တွေ့ သင်ကြားပို့ချမှာဖြစ်တယ်။

**မွေးမြူရေးအတတ်ပညာရှင်တွေ မွေးထုတ်ပေး**

အခုနှစ်မှာ ပထမနှစ်၊ ဒုတိယနှစ်နဲ့တတိယနှစ် အတန်းစုံ သုံးခုစလုံးဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၄၃ ဦးကို ပညာသင်ကြားပေးလျက်ရှိပါတယ်။ “ဒီကျောင်းတော်ကြီးမှာ ကျောင်းသားတွေကို ပညာရေး၊ လူမှုရေးနဲ့ အကျင့်စာရိတ္တပိုင်းကိုပါ အားလုံးအထူးကြပ်မတ် သင်ကြားပေးနေပါတယ်”လို့ ကျောင်းအုပ်ဆရာကြီး ဦးဝင်းကိုကိုက ပြောပါတယ်။ အခုနှစ်မှာ တတိယနှစ် (နောက်ဆုံးနှစ်) တက်ရောက်ပြီး အောင်မြင်တဲ့ ကျောင်းသား ကျောင်းသူတွေကို Diploma in Fisheries and Aquaculture အောင်လက်မှတ်ပေးအပ်ချီးမြှင့်မှာဖြစ်ပါတယ်။ ပြောရရင် မကြာခင် ကျွမ်းကျင်တဲ့ အလယ်အလတ်အဆင့် ငါး/ပုစွန် မွေးမြူရေးအတတ်ပညာရှင်တွေကို ငါးလုပ်ငန်းသိပ္ပံ (တွံတေး) ကျောင်းတော်ကြီးက မွေးထုတ်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။

ဒီလောက်ဆိုရင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို (သိပ္ပံတွဲ)နဲ့ အောင်မြင်ပြီး အသက် ၂၂ နှစ်အောက်ရှိ ငါးလုပ်ငန်းနဲ့ရေသတ္တဝါမွေးမြူရေး စိတ်ပါဝင်စားကြတဲ့ သားငယ်သမီးငယ်တွေအနေနဲ့ ငါးလုပ်ငန်းသိပ္ပံ(တွံတေး) ကျောင်းတော်ကြီးအကြောင်းကို သိသင့်သလောက်သိပြီလို့ ထင်မိပါတယ်။ အခုလိုပြောပြနိုင်ခဲ့တာဟာ ကျွမ်းကျင်တဲ့ အလယ်အလတ်အဆင့် ငါး/ပုစွန် မွေးမြူရေး အတတ်ပညာရှင်တွေ မွေးထုတ်ပေးမယ့် ကျောင်းတော်ကြီးဆီမှာ ကျောင်းသား ကျောင်းသူ သားငယ် သမီးငယ်တွေကို စာပေနဲ့ဆိုင်တဲ့ ဗဟုသုတရဖွယ် အကြောင်းအရာတွေ ပြောပြပေးခွင့်ရခဲ့ခြင်းကြောင့်ပါပဲ။ အသိပညာပေး ဟောပြောပွဲရဲ့ အကျိုးကျေးဇူးဖြစ်ပါတယ်။ အခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို (သိပ္ပံတွဲ)နဲ့ အောင်မြင်ပြီး အသက် ၂၂ နှစ်အောက်ရှိ ငါးလုပ်ငန်းနဲ့ ရေသတ္တဝါမွေးမြူရေး စိတ်ပါဝင်စားကြတဲ့ သားငယ်သမီးငယ်တွေအားလုံး ငါးလုပ်ငန်းသိပ္ပံ (တွံတေး)ကျောင်းတော်ကြီးကို တက်ရောက်ပညာသင်ကြားခွင့်ကို ရယူနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်မိပါတယ်။ သားငယ်သမီးငယ်တွေအားလုံးကို “ငါးလုပ်ငန်းသိပ္ပံ(တွံတေး) ကျောင်းတော်ကြီး”က အမြဲကြိုဆိုနေပါတယ်။ ။



# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရဲတနာများအား တွေ့ဆုံအားပေး

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၇) သို့ တက်ရောက်မည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရဲတနာများအား ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးကျော်ထက်နှင့် တာဝန်ရှိသူများက ပုသိမ်တပ်နယ်အားကစားခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၇) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရဲတနာများအတွက် အဝတ်အထည်များ ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရဲတနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများနှင့် စေတီပုထိုးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၃**

၂၀၂၅ – ၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အပါအဝင် မြို့နယ် ၂၁ မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ်နှင့် မိုင်းပန်မြို့နယ်တို့ရှိ ပြည်သူ့ဆေးရုံများ၊ လဲချားမြို့နယ်ရှိ နောင်ခန်းရေကန်သာ ရေကန်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင် ရှင်းလင်းခြင်းနှင့် အမှိုက်ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က အမှတ်(၃)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် ကွပ်ကဲမှုအောက် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ၊ အရာရှိ/အခြားအဆင့်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ အမှတ်(၁)စစ်မြေပြင်ဆေးတပ်ရင်း(နန်းတွင်း)၌ စုပေါင်းသွေးလှူဒါန်းရာ ယာယီရဲမှူးချုပ်လင်းထွဋ်၊ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းနှင့် ပါမောက္ခ ဒေါက်တာနီလာဝင်းတို့ ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က ပျဉ်းမနားမြို့ ခုတင် (၂၀၀) ပြည်သူ့ဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းရာ ရဲမှူးကြီးဇော်မင်းဦး၊ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ခွန်မျိုးမြင့်ရှိန်၊ ဦးစီး (ပ) ဦး/ရေး/ထောက် ဒုတိယရဲမှူးကြီး ကျော်ကျော်အောင်၊ ဒုတိယရဲမှူးကြီးသုခ၊ ခုတင်(၂၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်နိုင်ဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။ ဟိန်းခန့်ဇော်(ပြန်/ဆက်)



လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသန့်ဇင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်အောင်၊ အမှတ်(၆) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး သက်ထွန်း၊ လားရှိုးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ လှထွန်းနှင့် တပ်ဖွဲ့ဝင် ၁၅၀ တို့ စက်တင်ဘာ ၁၁ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

(၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျုံပျော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်လွင်၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်၊ မြို့မစခန်းမှူး ဒုတိယရဲမှူးဝင်းထွန်းနိုင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၃ ရက်က ကျုံပျော်မြို့ ပြည်လုံးပေါ်ဘုရားကြီးကျောင်းတိုက်ရှေ့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)





အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘိုကလေးမြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးဟန်စိုးနောင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးကျော်ဦး ဦးစီးသည့်တပ်ဖွဲ့ဝင်များ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဘိုးဘွားချမ်းမြေ့ဓမ္မရိပ်သာ၌ စက်တင်ဘာ ၁၃ ရက်က ပေါင်းမြက်များနှင့် သစ်ပင်ချုံနွယ်များကိုရှင်းလင်းပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မိုးစက်(ဘိုကလေး)




(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ဒုတိယရဲဒေသကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးအောင်ဆန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး အောင်နိုင်ဦး၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အေးမင်းနှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၃ ရက်က ပင်းတယမြို့ ငှက်ပျောတောရပ်ကွက်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မိုးမိုးထွေး(ပြန်/ဆက်)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင် မန္တလေးတက္ကသိုလ် ရာပြည့်သဘင် ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ လိုက်လံကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁၃**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတက္ကသိုလ်သို့သွားရောက်၍ မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေ၊ တက္ကသိုလ်ကျောင်းဝင်းအတွင်း နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးများသည် မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ကျင်းပမည့်တက္ကသိုလ်အဝင်မုခ်ဦးဝသို့ သွားရောက်၍ သန့်ရှင်းရေး၊ ဥပဓိရုပ်ကောင်းမွန်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် မန္တလေးတက္ကသိုလ်အတွင်း ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့် ရာပြည့်သဘင်အခမ်းအနားတွင် ကမ္ပည်းမော်ကွန်း စိုက်ထူမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ကျောင်းသားဟောင်းများ၊ အင်ဂျင်နီယာများ၏ တင်ပြချက်များကို ဒုတိယဝန်ကြီးများက လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးများသည် တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးရာ မန္တလေးတက္ကသိုလ်နှစ် ၁၀၀ ပြည့် ရာပြည့်သဘင်ကျင်းပရေး စီမံချက်တွင်ပါဝင်သည့် ကော်မတီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေ၊ ကော်မတီများက ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေ၊ ပြင်ဆင်ဆောင်ရွက်ဆဲ အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များကို သတ်မှတ်အချိန်ဇယားနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးအတွက် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# Cover Club ဆိုင်၌ ဗုဒ္ဓဘာသာအားအကြည်ညိုပျက်စေရန် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" သီချင်းအား DJ တီးခတ်၍ သရုပ်ပျက်မူးယစ် ကခုန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ၃၆ လမ်းနှင့် ၃၆ x ၅၃ လမ်းထောင့်ရှိ Cover Club ဆိုင်၌ ၂၀၂၅ ခုနှစ် ဇူလိုင် ၃၁ ရက် နံနက် ၁ နာရီမှ ၂ နာရီအချိန်ထိ DJ Violet (ခ) ခင်ထွေးထွေးမွန်(၂၄) နှစ်နှင့် DJ မန်နေဂျာဖြစ်သူ ဖြိုးဟိန်းကိုကို (ခ) မင်းထိုက်နှင့် Dice (ခ) ညဏ်လင်းထက် တို့ ဦးဆောင်၍ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" သီချင်းအား အရက်သေစာသောက်စားမူးယစ်၍ သရုပ်ပျက်အဝတ်အစားများဝတ်ဆင်ကာ DJ တီးခတ် ကခုန်ခဲ့မှုကြောင့် ဗုဒ္ဓဘာသာအား အကြည်ညိုပျက်စေရန်ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသဖြင့် အရေးယူဆောင်ရွက်နိုင်ရေးရှာဖွေဖမ်းဆီးခဲ့ရာ DJ တီးခတ်သူ DJ Violet (ခ) ခင်ထွေးထွေးမွန်(၂၄)နှစ်နှင့် DJ မန်နေဂျာဖြစ်သူ ဖြိုးဟိန်းကိုကို(ခ)မင်းထိုက်(၂၈) နှစ်တို့ကို စက်တင်ဘာ ၁၁ ရက် ည ၁၁ နာရီ မိနစ် ၃၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် နန္ဒင်းကုန်းရပ်ကွက် နေအိမ်၌လည်းကောင်း၊ ဆိုင်ပိုင်ရှင် သက်လွင်အောင် (ခ) မျိုးအောင် (၄၉)နှစ်၊ ဆိုင်မန်နေဂျာ ဇင်စုရ (၃၁) နှစ်တို့ကို ယနေ့မွန်းလွဲ ၁နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ၃၆ လမ်းနှင့် ၃၆ x ၅၃ လမ်းထောင့်ရှိ Cover Club ဆိုင်၌လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရှိရသည်။

အဆိုပါဖြစ်စဉ်မှ DJ တီးခတ်သူ DJ Violet (ခ) ခင်ထွေးထွေးမွန်ထံမှ DJ တီးခတ်ရာတွင် အသုံးပြုသည့် Menmory Stick ၆ ခု သိမ်းဆည်းရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များသည် Cover Club ဆိုင်အတွင်းမှ DJ စက်နှင့်ဆက်စပ်ပစ္စည်းများအား သက်သေများနှင့်အတူ သိမ်းဆည်းကာ Cover Club ဆိုင်အား ချိတ်ပိတ်ထိန်းသိမ်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ဗုဒ္ဓဘာသာအားအကြည်ညိုပျက်စေရန် ပြုလုပ်ခဲ့မှုကြောင့် ပြည်သူလူထုအား စိုးရိမ်ထိတ်လန့်မှုဖြစ်ပွားစေသည့် DJ Violet (ခ) ခင်ထွေးထွေးမွန်၊ DJ မန်နေဂျာဖြစ်သူ ဖြိုးဟိန်းကိုကို(ခ)မင်းထိုက်၊ Dice (ခ)ညဏ်လင်းထက်၊ ဆိုင်ပိုင်ရှင် သက်လွင်အောင်(ခ)မျိုးအောင်၊ ဆိုင်မန်နေဂျာ ဇင်စုရ တို့အား မဟာအောင်မြေမြို့နယ် အမှတ်(၉)မြို့မရဲစခန်း (ပ)၂၁၄/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူစစ်ဆေးဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






Cover Club ဆိုင် ချိတ်ပိတ်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။



သက်လွင်အောင်(ခ)မျိုးအောင်
Cover Club ဆိုင်ပိုင်ရှင်



ဇင်စုရ
Cover Club ဆိုင်မန်နေဂျာ



ဖြိုးဟိန်းကိုကို(ခ)မင်းထိုက်နှင့် DJ Violet (ခ) ခင်ထွေးထွေးမွန်

❖ *ကျောဖုံးမှ*

ထိပ်ဆုံးတွင် ဦးဆောင်နေသည့် Winner Soccer အသင်းနှင့် ဒုတိယနေရာမှ YRG အသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့ပြီး သုံးမှတ်အသာရထားသည့် Winner Soccer အသင်းက ဂိုးပြတ်အနိုင်ယူကာ ချန်ပီယံဆု စောစီးစွာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ YRG အသင်းသည် ယခုပွဲအနိုင်ရပါက ချန်ပီယံဆု ထပ်မံမျှော်လင့်နိုင်မည်ဖြစ်သော်လည်း အရေးနိမ့်ခဲ့သဖြင့် ချန်ပီယံဆု လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။

ပွဲစဉ် (၁၈) တွင် Royal Noka အသင်းက Pacific Sun Far အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ ဖူဆယ်ချစ်သူအသင်းက FFU မင်းမဟော်အသင်းကို သုံးဂိုး-တစ်ဂိုး၊ VUC ULAD အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၂ ဂိုး-ဂိုးမရှိ၊ JV အသင်းက Generations အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ Winner Soccer အသင်းက YRG အသင်းကို ခုနစ်ဂိုး-သုံးဂိုး၊ YCDC MHDT အသင်းက MIU အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲသာလိုတော့သည့်အချိန်တွင် အဆင့် ၁ မှ ၃ အတွင်း ရပ်တည်သည့် အသင်းအားလုံး အဖြေထွက်ပေါ်ထားပြီး Winner Soccer အသင်းက ၅၇ မှတ်ဖြင့် ချန်ပီယံ၊ YRG အသင်းက ၅၁ မှတ်ဖြင့် ဒုတိယ၊ YCDC MHDT အသင်းက ၄၇ မှတ်ဖြင့် တတိယရရှိသည်။ ယင်းသုံးသင်းနောက်တွင် VUC ULAD အသင်းက ၃၆ မှတ်၊ JV အသင်းက ၃၃ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ၃၂ မှတ်၊ MIU အသင်းက ၂၈ မှတ်၊ Pacific Sun Far အသင်းက ၂၇ မှတ်၊ Royal Noka အသင်းက ၂၅ မှတ်၊ Generations အသင်းက ရမှတ် ၂၀၊ FFU မင်းမဟော်အသင်းက ၁၀ မှတ်ရထားပြီး ရွှေပြည်သာယူနိုက်တက်အသင်းမှာမူ အမှတ်လျှော့ခံထားရသဖြင့် - ၆ မှတ်ဖြင့် ယှဉ်ပြိုင်နေရသည်။ ပြိုင်ပွဲနောက်ဆုံးပွဲစဉ်ကို စက်တင်ဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF**

❏ *ကျောဖုံးမှ*

နိုင်ပွဲပျောက်ဆုံးကာ ရမှတ်တစ်မှတ်သာ ရရှိသေးသည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ၁၉ မိနစ်တွင် သက်ထွန်းအောင်၊ ၂၅ မိနစ်တွင် ပြည်မိုးတို့က ရတနာပုံအသင်းအတွက် နှစ်ဂိုးဆက် သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် သစ္စာအားမာန်အသင်းက ချေပဂိုး ရရှိရန် ကြိုးပမ်းလာရာ ၂၈ မိနစ်တွင် မင်းမော်ဦးက ပထမချေပဂိုး သွင်းယူသလို ၆၄ မိနစ်တွင် စောမျိုးဇော်က ဒုတိယချေပဂိုး သွင်းယူခဲ့သည်။ နှစ်ဂိုးစီ သရေကျ၍ နောက်ပိုင်းပွဲမှာ အပြန်အလှန်ရှိလာပြီး ရတနာပုံအသင်းအတွက် အနိုင်ဂိုးများကို စိုးမင်းဦးက ၇၃၊ ၇၉ မိနစ်တွင် နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်းတို့ ပွဲအစတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကွင်းအတွင်းရေဝပ်ကာ ဆက်ကစားရန် အဆင်မပြေသဖြင့် မိနစ် ၂၀ တွင် ပွဲခေတ္တရပ်နားခဲ့သလို ဆက်လက်ကစားရန် မဖြစ်နိုင်သဖြင့် ရပ်နားခဲ့ရသည်။ ယင်းပွဲ ပြန်ကစားမည့်ရက်နှင့် အချိန်ကို ပြန်လည်ကြေညာမည်ဖြစ်ပြီး ပွဲရပ်နားချိန်တွင် ဂိုးမရှိသရေကျနေသည်။

စက်တင်ဘာ ၁၂ ရက်က ကျင်းပသည့် ပွဲစဉ် (၃) ပထမနေ့တွင် ဟံသာဝတီယူနိုက်တက်အသင်းက Dagon Port အသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရပြီး မဟာယူနိုက်တက်နှင့် ရာမညယူနိုက်တက် ဂိုးမရှိသရေကျခဲ့သည်။ ပွဲစဉ် (၃) နောက်ဆုံးနေ့ကို စက်တင်ဘာ ၁၄ ရက် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက်၊ သုဝဏ္ဏကွင်း၌ ဒဂုံစတား ယူနိုက်တက်နှင့် ရှောဝတီယူနိုက်တက် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

○ *ကျောဖုံးမှ*

နောက်နှစ်ရက်အတွင်း ဩရိဿပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းနှင့် ချက်တစ်ဂတ်ပြည်နယ်တောင်ပိုင်းတို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

❏ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့် နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန် ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အမေရိကန်လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ပြီးနောက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည်




**တိုကျို စက်တင်ဘာ ၁၃**

ဂျပန်နိုင်ငံအနောက်ပိုင်း ကန်ဆိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အမေရိကန် ခရီးသည်တင် လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ခဲ့ရပြီးနောက် သယ်ယူပို့ဆောင်ရေး အာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါ လေယာဉ်ပေါ်တွင် ခရီးသည်နှင့် လေယာဉ်အမှုထမ်း ၁၄၀ ခန့် လိုက်ပါလာခဲ့ကြောင်း၊ ယူနိုက်တက် အဲလိုင်းဖလိုက် ၃၂ သည် စက်တင်ဘာ ၁၂ ရက် ည ၇ နာရီနောက်ပိုင်းတွင် မြေပြင်သို့ ဆင်းသက်ခဲ့ကြောင်း၊ ထို့နောက် ခရီးသည်များ အရေးပေါ်လျှောများဖြင့် ဘေးကင်းရာသို့ထွက်ခွာခဲ့ကြကြောင်း၊ ၎င်းတို့ထဲမှ ငါးဦးမှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း၊ ဘိုအင်း ၇၇၇ လေယာဉ်သည် တိုကျိုမြို့အနီး နာရီတာလေဆိပ်မှ စတင်ထွက်ခွာလာပြီး ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့သို့ ဦးတည်ပျံသန်းခဲ့ကြောင်း၊ သို့သော် ညနေ ၆နာရီ မိနစ် ၃၀ ခန့်တွင် ကုန်တင်ခန်းအတွင်း မီးလောင်မှုနှင့် ပတ်သက်၍ လေယာဉ်မှူးအခန်းသို့ သတိပေးချက်ရရှိခဲ့ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောသည်။

ထိုအချိန်တွင် အဆိုပါ လေယာဉ်မှာ ဝါကာယာမာခရိုင်ကမ်းရိုးတန်းမှ ကီလိုမီတာ ၂၀၀ အကွာ အမြင့်ပေ ၁၀၀၀၀ ခန့်တွင် ရောက်ရှိနေပြီး မီးငြိမ်းသတ်မှုများ လုပ်ဆောင်ထားခြင်းမရှိကြောင်း အာဏာပိုင်များကပြောသည်။ မီးလောင်မှုဖြစ်ပွားခဲ့သည့် အရိပ်အယောင်များလည်း မတွေ့ရှိခဲ့ကြောင်း ယူနိုက်တက်လေကြောင်းလိုင်းမှ တာဝန်ရှိသူက အင်န်အိတ်ချ်ကေသို့ပြောသည်။

အဆိုပါ ဖြစ်ရပ်သည် ဘေးအန္တရာယ် ဖြစ်စေနိုင်သည့် ဆိုးရွားသည့်ဖြစ်ရပ်အဖြစ် ဂျပန်နိုင်ငံ သယ်ယူပို့ဆောင်ရေး ဘေးကင်းရေး ဘုတ်အဖွဲ့က ထည့်သွင်းစဉ်းစားထားသည်။

စက်တင်ဘာ ၁၃ ရက်တွင် ကန်ဆိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စုံစမ်းစစ်ရေးမှူးနှစ်ဦး ရောက်ရှိမည်ဖြစ်ပြီး ၎င်းတို့သည် လေယာဉ်ကိုစစ်ဆေးကာ ကယ်ဆယ်ရေး လုပ်ငန်းစဉ်များ သင့်လျော်မှုရှိ မရှိ ဆုံးဖြတ်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## ပါကစ္စတန်နိုင်ငံ ပန်ဂျပ်၌ ရေကြီးမှုကြောင့် ၉၇ ဦး ထက်မနည်း သေဆုံးပြီး လူပေါင်း ၄ သန်းကျော်ရေဘေးသင့်

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၃**

ပါကစ္စတန်အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် ရေလွှမ်းမိုးမှုများကြောင့်လူပေါင်း၉၇ဦးထက်မနည်း သေဆုံးပြီး လူပေါင်း ၄ ဒသမ ၄ သန်းကျော် ရေဘေးသင့်ခဲ့ကြောင်း ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့ (PDMA) က ပြောကြားသည်။

အဆိုပါအဖွဲ့၏ အဆိုအရ လူပေါင်းနှစ်သန်းခွဲခန့်ကို ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့ပေးထားပြီးကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း၊ ခရိုင်အတွင်း စုစုပေါင်း ရေဘေးကယ်ဆယ်ရေးစခန်း ၃၉၆ ခုဖွင့်ထားမှုနှင့်အတူ မွေးမြူရေးတိရစ္ဆာန် ၁ ဒသမ ၉ သန်းခန့်ကိုလည်း ကယ်ဆယ်ပေးထားကြောင်း ထုတ်ပြန်သည်။



ဇွန် ၂၆ ရက်မှစ၍ မိုးရာသီ ရေကြီး ရေလျှံမှုများကြောင့် သေဆုံးသူ ၉၅၆ ဦးထက်မနည်းရှိပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၀၆၀ ရှိကြောင်း တရားဝင်ထုတ်ပြန်သည့် အချက်အလက်များတွင် ဖော်ပြသည်။ ထို့အတူ နိုင်ငံတစ်ဝန်း အိမ်ခြေ ၈၄၀၀ ပျက်စီးခဲ့ပြီး မွေးမြူရေးတိရစ္ဆာန် ကောင်ရေ ၆၅၀၀ ထိခိုက်ဆုံးရှုံးခဲ့ကြောင်း ထုတ်ပြန်ထားသည်။

ရေဘေးကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းနေရသူများအား ယာယီအမိုးအကာ၊ အစားအသောက်နှင့် ဆေးဝါးများ ထောက်ပံ့ပေးထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲ ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

## အာဖဂန်အမျိုးသမီးဝန်ထမ်းများအပေါ် စည်းမျဉ်းများဖယ်ရှားရန် တာလီဘန်တို့ကို ကုလ တိုက်တွန်း

**ကဘူးလ် စက်တင်ဘာ ၁၃**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် ငလျင်လှုပ်ခတ်ပြီး သီတင်းနှစ်ပတ်အကြာ ကယ်ဆယ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြင့် လုပ်ဆောင်နိုင်ရန်၊ အာဖဂန်အမျိုးသမီး ဝန်ထမ်းများအပေါ် စည်းမျဉ်း များဖယ်ရှားပေးရန် တာလီဘန် ကြားဖြတ်အစိုးရကို ကုလသမဂ္ဂက တိုက်တွန်းလိုက်သည်။

တာလီဘန်တို့သည် အာဖဂန်အမျိုးသမီးများကို နိုင်ငံတစ်ဝန်းရှိ ကုလသမဂ္ဂ အဆောက်အအုံများအတွင်းသို့ ဝင်ရောက်ခြင်းမပြုရန် တားမြစ်ထားသည်။ ဒေသခံအာဖဂန်အမျိုးသမီးများ၏ လှုပ်ရှားမှုအပေါ် အဆိုပါ စည်းမျဉ်း ထားရှိခြင်းသည် ငလျင်ဘေးဒဏ်ခံ ဒေသများ၌ ကုလသမဂ္ဂကပေးပို့သော အရေးကြီးသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရာတွင် ဆိုးရွားသောအန္တရာယ် ကျရောက်စေသည်ဟု ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ စတက်ဖိန်ဒူဂျာရစ်က ပြောသည်။ အဆိုပါစည်းမျဉ်းကို ချက်ချင်းဖယ်ရှားပေးရန်လည်း ၎င်းက တောင်းဆိုခဲ့သည်။

ကုလသမဂ္ဂသည် လူပေါင်း ၆၀၀၀၀ စာ အစားအသောက်များ၊ လူပေါင်း ၃၀၀၀၀ စာ သောက်သုံးရေ၊ ဆေးဝါးများနှင့် တဲများ ထောက်ပံ့ ပေးခဲ့သော်လည်း ထပ်မံလိုအပ်နေဆဲဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ ဆောင်းဝင်ရန် နီးကပ်လာပြီဖြစ်သည့်အတွက် နိုင်ငံတကာမှ အကူအညီများ ပိုမိုပေးရန် ၎င်းက တောင်းဆိုခဲ့သည်။

ဩဂုတ် ၃၁ ရက်က အာဖဂန်နစ္စတန်နိုင်ငံ၌ ပြင်းအား ၆ ဒသမ ၀ မဂ္ဂနီကျူရှိ ငလျင် လှုပ်ခတ်ခဲ့ရာ လူပေါင်း ၂၂၀၀ ကျော် သေဆုံးပြီး ၃၆၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဂါဇာအရေးဆွေးနွေးရန် ကန်နိုင်ငံခြားရေးဝန်ကြီး အစ္စရေးသို့ သွားရောက်မည်

**ဝါရှင်တန် စက်တင်ဘာ ၁၃**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီအိုသည် စက်တင်ဘာ ၁၃ ရက်တွင် အစ္စရေးသို့သွားရောက်ပြီး ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးနှင့်ဟားမားစ်တို့၏ ပဋိပက္ခအတွင်း အမေရိကန်နိုင်ငံ၏ ဦးစားပေးကိစ္စများကို ဆွေးနွေးမည်ဟု မျှော်လင့်ရသည်။

ဆွေးနွေးပွဲတွင် ဟားမားစ်တို့ဖမ်းဆီးထားသော အစ္စရေးဓားစာခံများ လွတ်မြောက်ရေး အပါအဝင် အခြားသောကိစ္စရပ်များကို ဆွေးနွေးမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၂ ရက်တွင်ပြောသည်။

အစ္စရေးတပ်ဖွဲ့ဝင်များသည် ဂါဇာမြို့ကို သိမ်းပိုက်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ အဆိုပါနေရာရှိ ဒေသခံများကို အလယ်ပိုင်းနှင့်တောင်ပိုင်း ဒေသများသို့ပြောင်းရွှေ့ရန် စက်တင်ဘာ ၁၂ ရက်က တိုက်တွန်းခဲ့ကြောင်း၊ စက်တင်ဘာ ၁၂ ရက်က အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၃၆ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ဂါဇာရှိ ပြည်တွင်းမီဒီယာတစ်ခုက ပြောသည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီအို။

## အာဖဂန်နစ္စတန်တွင် ပျားမွေးမြူရေးခြံပေါင်း ၃၂၀၀ ရှိ ပျားမွေးမြူသူများအား ဆက်လက်ပံ့ပိုးပေးမည်

**ကဘူးလ် စက်တင်ဘာ ၁၃**

အာဖဂန်နစ္စတန်တွင် ပျားမွေးမြူရေးခြံပေါင်း ၃၂၀၀ ရှိပြီး အစိုးရသည် နိုင်ငံအတွင်း ပျားမွေးမြူရေးကို တိုးချဲ့လုပ်ကိုင်ရန် ပျားမွေးမြူသူများအား ဆက်လက်ပံ့ပိုးပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် မွေးမြူရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မော်လဝီရှာရ်မိုဟာမက် ဟာတာမီက ပြောကြားသည်။

### နှစ်စဉ် တန်ချိန် ၂၂၀၀ ထုတ်လုပ်

နိုင်ငံတစ်ဝန်းရှိ ပျားမွေးမြူရေးခြံ ၃၂၀၀ မှ နှစ်စဉ် ပျားရည်တန်ချိန် ၂၂၀၀ ထုတ်လုပ်ပေးနေကြောင်း ဟာတာမီ၏ပြောကြားမှုကို အာဖဂန်နစ္စတန်အစိုးရပိုင် ရေဒီယိုနှင့်ရုပ်မြင်သံကြား (RTA) မှ စက်တင်ဘာ ၁၂ ရက်တွင် ထုတ်ပြန်သည်။

### ပြည်ပဈေးကွက် ရှာဖွေရေး ကြိုးစား

စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့်မွေးမြူရေးဝန်ကြီးဌာနက အာဖဂန် ပျားမွေးမြူရေးလုပ်ငန်းကို ပိုမို ဖွံ့ဖြိုးတိုးတက်လာစေရန် အတတ်နိုင်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထွက်ရှိသောပျားရည်များကို တင်ပို့ရန် ပြည်တွင်း၊ ပြည်ပဈေးကွက်များရှာဖွေပေးနိုင်ရေး ကြိုးစားလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ**



# စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှုအားပေး

**လယ်ဝေး စက်တင်ဘာ ၁၃**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် လယ်ဝေးမြို့နယ်အတွင်း မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်တင်ဘာ ၁၁ ရက်က ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာအနီးရှိ ဒို့မြန်မာအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အသားတိုးနွား မွေးမြူရေးခြံ၌ အသားတိုးနွားများ မွေးမြူထားရှိမှုအခြေအနေ၊ စားကျက်မြေတွင် နွားစာမြက် စိုက်ပျိုးထားရှိမှုနှင့် နံ့စားပြောင်း စိုက်ပျိုးဝယ်ယူစုဆောင်းမှုအခြေအနေများကို ကြည့်ရှုပြီး နေပြည်တော်ဒေသအတွင်း အသားကဏ္ဍ ဖူလုံရေးနှင့် ဈေးကွက်တည်ငြိမ်ရေးအတွက် အထောက်အကူပြုမည်ဖြစ်၍ သတ်မှတ်အရေအတွက် ပြည့်မီအောင် မွေးမြူနိုင်ရေးနှင့် မွေးမြူရေးအစာအတွက် ဒေသခံများပါ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပြောကြားသည်။



ထို့နောက် လယ်ဝေးမြို့နယ် မြွေရိုးကျောင်းစုအုပ်စု ရုံးတောကျေးရွာအနီးတွင် ဒေသခံတောင်သူများ သဘာဝမြေဆွေးမြေဩဇာ ပြုလုပ်ထားရှိမှုနှင့် လက်တွေ့ဆောင်ရွက်ပြသနေမှုများကို ကြည့်ရှု၍ တောင်သူ ဒေါ်ချို၏ နံ့ကောက်စပါးစိုက်ပျိုးထားသည့် ၁၃ ဧကတွင် သဘာဝမြေဆွေးမြေဩဇာ ကြဲပက်နေမှုနှင့် လယ်ဝေးမြို့နယ်အတွင်း ပထမဆုံး သမန်းတွေစက်ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် အောင်သုခရိုးချောင်းမှ စစ်တောင်းမြစ်အတွင်းသို့ ရေဆိုးထုတ်နိုင်ရန်အတွက် ရေထိန်းတံခါး တည်ဆောက်ပေးရန် တင်ပြမှုအပေါ် သက်ဆိုင်ရာဌာနများနှင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**တာမွေ စက်တင်ဘာ ၁၃**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးများ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါလှုပ်ရှားမှုအား ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ငွေး၊ ရန်ကင်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာ ချိုချိုမြတ်အောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများသည် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ စာအုပ်စာစောင်ပြပွဲနှင့် လှပသာယာပြည်မြန်မာ ဓာတ်ပုံပြခန်းများ၊ ဌာနဆိုင်ရာအသိပညာပေးပြခန်းများ၊ ခရိုင်အတွင်းရှိ ရန်ကင်းပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ ဉာဏစွမ်းရည်ပြိုင်ပွဲများ၊ စာပေစကားဝိုင်းဆွေးနွေးပွဲ၊ ပျော်ရွှင်ဖွယ်ရာ ဂိမ်းကစားနည်းပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများနှင့် စာအုပ်အရောင်းဆိုင်များ ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်ပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးများက လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# မိုင်းဆတ်မြို့၌ ငွေကြေးထောက်ပံ့ခြင်းအစီအစဉ် အသိပညာပေးဆင့်ပွားသင်တန်းဖွင့်

**မိုင်းဆတ် စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်(MCCT) အသိပညာပေး ဆင့်ပွားသင်တန်းကို စက်တင်ဘာ ၁၀ ရက်က မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အဆင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအားလွန်က အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်မြင့်က MCCT ထောက်ပံ့ရခြင်း၏ ရည်ရွယ်ချက်များကို လည်းကောင်း၊



မိုင်းဆတ်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစိုင်းဖုန်းက MCCT ငွေကြေး ထောက်ပံ့ခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်မှ မြို့နယ်မန်နေဂျာ ဒေါ်အေးအေးညို့က မြန်မာ့စီးပွားရေးဘဏ်မှ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်း၍ MCCT နှင့် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေထုတ်ပေးမှုနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

- ■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်(ရန်ကုန်)မှ ပြတိုက်မှူး ရဲမှူး ကိုကိုလတ်နှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၉ ရက်က မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်ကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ အေးအေးမျိုး(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချောင်းဆုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးလွင် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၃ ရက်က ချောင်းဆုံအနောက်ရပ်ကွက်ရှိ ဘုရားနှစ်ဆူစေတီတော်နှင့် စေတီတော်ရင်ပြင်တို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ၊ မိသားစုဝင်များ တောင်ငူမြို့ သမိုင်းဝင်ရွှေဆံတော် စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းခြင်းကို စက်တင်ဘာ ၁၃ ရက်က ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်စဉ်။ ခရိုင်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖျာပုံခရိုင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အမှတ် (၈၀) ယာဉ်ထိန်းတပ်ဖွဲ့စု(ဖျာပုံ)တို့မှ တပ်ဖွဲ့ဝင်များ စက်တင် ဘာ ၁၂ ရက်က ဖျာပုံပြည်သူ့ဆေးရုံကြီးဝင်း သံဃာဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းစဉ်။ အောင်ဝင်းနိုင်(ပြန်/ဆက်)

## ဂန့်ဂေါမြို့နယ်၌ ကျောင်းအခြေပြု ကာကွယ်ဆေးများထိုးနှံပေး

**ဂန့်ဂေါ စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ စက်တင်ဘာ ၁၁ ရက်က အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (စည်ပင်သာယာ) ကျောင်းနှင့် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) (ကျောတိုက်) ကျောင်းတို့၌ KG ကျောင်းသား ကျောင်းသူများအား ကျောင်းအခြေပြု ကာကွယ်ဆေးများ ထိုးနှံပေးသည်။



ထိုသို့ ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူး ဦးထွန်းဇော်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများက KG ကျောင်းသား ကျောင်းသူများအား ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးနှင့် ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေးများကို ထိုးနှံပေးသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) (စည်ပင်သာယာ)ကျောင်းမှ KG ကျောင်းသား ကျောင်းသူ ၄၃ ဦးနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(ကျောတိုက်) ကျောင်းမှ KG ကျောင်းသား ကျောင်းသူ ၅၁ ဦး စုစုပေါင်း KG ကျောင်းသား ကျောင်းသူ ၉၄ ဦးတို့အား ကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မောင်မျိုးမင်း**

## ချောက်မြို့၌ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး

**ချောက် စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို လူထုအခြေပြုဗဟိုဌာနခန်းမ၌ စက်တင်ဘာ ၁၀ ရက်က ကျင်းပသည်။



ဦးစွာ မဲခေါင်တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနမှ ပေးပို့လာသည့် ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုများကို ကျောင်းသား ကျောင်းသူများအား ပြသသည်။

ထို့နောက် အမက(၁) ပုဂံကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအေးလွင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်သိမ့်ဝါက လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဒေါ်မြတ်မြတ်မိုးက စားသုံးရန်မသင့်သော အစားအစာများအကြောင်းကို လည်းကောင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေလင်းဦးက ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာအကြောင်းကို လည်းကောင်း ဟောပြောကြသည်။

**ကျော်မိုး(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ ခုခံအားကျဆင်းမှုရောဂါကာကွယ်ရေးနှင့် အသိပညာပေး

**ထန်းတပင် စက်တင်ဘာ ၁၃**

ထန်းတပင်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ပြည်သူ့ဆေးရုံဝင်းအတွင်း ရိပ်သာဆောင်ခန်းမ၌ စက်တင်ဘာ ၁၁ ရက်က ဒေသခံပြည်သူများအား ခုခံအားကျဆင်းမှုရောဂါ ကာကွယ်ရေးနှင့် အသိပညာပေးလုပ်ငန်းကို ဆောင်ရွက်သည်။

**အခမဲ့ပေးအပ်**

ဦးစွာ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးက ခုခံအားကျဆင်းမှုရောဂါ ကာကွယ်ရေးများအကြောင်းကို ပြောကြားခဲ့ပြီး ခုခံအားကျဆင်းမှုရောဂါနှင့် ပတ်သက်၍ သွေးစစ်ပေးခြင်းနှင့် ရောဂါရှာဖွေခြင်းများကို ပြုလုပ်ပေးခဲ့ပြီး လိုအပ်သော ဆေးဝါးများကို အခမဲ့ပေးအပ်ခဲ့သည်။

အဆိုပါ ဆောင်ရွက်ရာနေရာသို့ မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## အလုံမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**အလုံ စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ စက်တင်ဘာ ၁၀ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးအောင်စိုးက စာပေဖတ်ရှုရန်နှင့် သဘာဝဘေးအန္တရာယ်အကြောင်း ပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က လူငယ်နှင့်ခေါင်းဆောင်မှုခေါင်းစဉ်ဖြင့် လည်းကောင်း၊ Book Club အဖွဲ့ဝင် တရားလွှတ်တော်ရှေ့နေ ဦးထင်ဇော်လတ်က စာဖတ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးခေါင်းစဉ်များဖြင့် လည်းကောင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်သိဂီက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**ယောရော(ပြန်/ဆက်)**

## မြဝတီမြို့တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ပြပွဲ၊ ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများကျင်းပ

**မြဝတီ စက်တင်ဘာ ၁၃**

စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ ပြပွဲနှင့် ကာယဉာဏစွမ်းရည်ပြိုင်ပွဲများကို စက်တင်ဘာ ၁၁ ရက်က မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက အသိပညာပေးဟောပြောပွဲ၊ ပြပွဲ ၊ပြိုင်ပွဲများ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယရဲမှူး သက်ဇော်ထွန်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန (ဂေဟာ) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်နွယ်နွယ်ရီတို့က လူကုန်ကူးမှု၏အဓိပ္ပာယ်၊ လူကုန်ကူးမှုပုံစံအမျိုးအစားများ၊ လူမှုပတ်ဝန်းကျင်တွင် ကြုံတွေ့မှုနှင့်ပတ်သက်၍ အမျိုးသား၊ အမျိုးသမီး၊ ကလေးသူငယ်များကို အခြားနိုင်ငံများသို့ အတင်းအဓမ္မခိုင်းစေရာမှ ဘဝလုံခြုံမှုမဲ့သောအဖြစ်မျိုးသို့ ရောက်ရှိသွားသည့်ဖြစ်စဉ်များ၊ ဆောင်ရန် ရှောင်ရန်၊ သတိပြုဆင်ခြင်ရမည့်အချက်များကို ဟောပြောခဲ့ကြသည်။

ထို့နောက်ကျောင်းသား ကျောင်းသူများက ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **ဆောင်းနှင်းဖြူ (ပြန်/ဆက်)**

## တောင်ငူပညာရေးဒီဂရီကောလိပ်၌ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**တောင်ငူ စက်တင်ဘာ ၁၃**

ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို တောင်ငူမြို့ ပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ စက်တင်ဘာ ၁၀ ရက်က အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ တောင်ငူပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါက်တာလွင်လွင်စန်းက အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန တောင်ငူခရိုင်ဦးစီးမှူး ဦးမျိုးအောင်က စားသုံးသူအခွင့်အရေးရှစ်ချက်၊ ထုတ်ကုန်များအပေါ်၌ မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ဖော်ပြရမည့်အချက်များ၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုပေါ်ပေါက်လာပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာသို့ တိုင်ကြားနိုင်ကြောင်း စသည်ဖြင့် ဆွေးနွေးဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ တောင်ငူပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြော

**ကသာ စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အိုဇုန်းလွှာ၏အရေးပါပုံ၊ အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းသိကောင်းစရာ အသိပညာပေးဟောပြောပွဲကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ စက်တင်ဘာ ၁၀ ရက်က ပြုလုပ်သည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဟိန်းကိုဦးက အိုဇုန်းလွှာကာကွယ်ရေးသိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင် ဆောင်ရွက်ပေးရေး၊ OZONE DAY ဖြစ်ပေါ်လာပုံ၊ အိုဇုန်းလွှာအကြောင်းနှင့် အိုဇုန်းလွှာပျက်စီးခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်နိုင်မှုအခြေအနေများ၊ အိုဇုန်းလွှာ၏အရေးပါပုံ အကြောင်းအရာများကို ဟောပြောခဲ့သည်။

**ကျော်စွာ(ကသာ)**





မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဦးနှင့်အဖွဲ့က ကျုံတနီးတိုက်နယ် မင်းဂရုလမ်းရှိ New Land စက်သုံးဆီအရောင်းဆိုင်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြသလေ့ကျင့်ခြင်းကို စက်တင်ဘာ ၁၀ ရက်က ဆောင်ရွက်စဉ်။
အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ဘားအံမြို့ ခရဲကမ်းနားကျေးရွာအနီး၌ မော်တော်ယာဉ် ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၆၅ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၂၈ မျိုး၊ စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၆၇၇၀၃၈၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck နှစ်စီး၊ Toe 12 Wheel Truck တစ်စီး၊ Isuzu Giga Truck တစ်စီး၊ Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့ သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ် ၁၁ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းအမျိုး ၉၀၊ လုပ်ငန်းသုံးပစ္စည်း ၆၁ မျိုး၊ စားသောက်ကုန်ပစ္စည်း ခုနစ်မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၈၅၆၁၅၇၇) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး၊ Super Mandalar Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Nissan Diesel Tractor Head သုံးစီး၊ Misubishi Fuso Tractor Head နှစ်စီး၊ Man Tractor Head တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ခုနစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့ ထီးပိုးကလို့ကျေးရွာအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၂ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၆၀၇၁၁၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၇၉၃၉၀၇၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၁ ရက်တွင် စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၀ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၀၀၅ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၄၇၅၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၄ ရက်မှ ၆ ရက်အထိ ပုသိမ်ကြီးမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် မိတ္ထီလာမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၃၉၉ တန်၊ သစ်မာ ၁ ဒသမ ၆၇၉ တန်၊ အခြားသစ် ၁၃ ဒသမ ၈၂၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၄၅၂၀၈)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၁၁ ရက်တွင် မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၄၈၂၆၅)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Dutro Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) နှင့် ရတနာပုံတံတားစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်လေးစီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၃၃၄၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu ELF Light Truck နှစ်စီး၊ Toyota Dyna Truck တစ်စီး၊ Sojen Pickup Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၂၂၆၈၇၃ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၇ ရက်နှင့် ၉ ရက်တို့တွင် မော်လမြိုင်မြို့နယ်အတွင်း၌ မော်တော်ယာဉ် လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း အမျိုး ၇၀၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၄၃၅၅၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan နှစ်စီး၊ Nissan Atlas Truck တစ်စီး၊ Toyota Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ စက်တင်ဘာ ၁၀ ရက်တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ကိုးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၃၅၅၆၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၈ ရက်တွင် တွံတေးမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၄၄၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၀၉၁)ကို သစ်တောဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၉ ရက်တွင် သာကေတမြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ်၈၅၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၇၀၉၁ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၉ ရက်တွင် ပုသိမ်မြို့နယ်အတွင်း၌ တရားမဝင်အခြားသစ် ၀ ဒသမ ၉၄၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၈၄၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဟင်္သာတမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၈၄၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ နေပြည်တော် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၅ ရက်တွင် ဥတ္တရခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၃၇၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၇ ရက်တွင် မော်လမြိုင်မြို့နယ်အတွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Ar Mahn Thit Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ စက်တင်ဘာ ၉ ရက်တွင် ဘားအံမြို့ သံလွင်တံတားစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ငါးမျိုး၊ စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၃၃၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Shwe Kyair Light Truck တစ်စီး၊ Aung Soe Tint AST-01 Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း၊ စက်တင်ဘာ ၁၁ ရက်တွင် ကော့သောင်းမြို့ တော်ဝင်ဆိပ်ကမ်းတံတား၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၅၄၆၀၆၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၀၉၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခုနစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၉၇၃၃၉ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၈၈၄၃၉၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာ ၄ ရက်မှ ၁၁ ရက်အထိ ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၉၆၁၁၂၃၂) ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကျော်ကျော်လွင်၊ စခန်းမှူး ဒုရဲမှူး သက်ခိုင်ဝင်းနှင့် တပ်ဖွဲ့ဝင် ၃၀ တို့ စက်တင်ဘာ ၁၁ ရက်က ဘီလင်းတန်းရပ်ကွက် ပေါက်ကုန်းလမ်း ဆင်ဖြူတော်ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ပုဂံမြို့သစ်မှ နတ်ကြို့အိုင်ကျေးရွာအဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ညောင်ဦး စက်တင်ဘာ ၁၃**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပုဂံမြို့သစ်မှ နတ်ကြို့အိုင်ကျေးရွာအဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ညောင်ဦးမြို့နယ် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီအဖွဲ့မှ တာဝန်ရှိသူများက စက်တင်ဘာ ၁၁ ရက်က ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ပုဂံမြို့သစ်မှ နတ်ကြို့အိုင်ကျေးရွာအဝင်လမ်း ကတ္တရာလမ်းမှာ အရှည် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ၁၅ လက်မဖြစ်ပြီး ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၁၂၀ ဒသမ ၂၅ သန်းဖြင့်



မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒီပါလင်း

ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

## ဇမ္ဗူသီရိမြို့နယ်၌ ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်များပေးအပ်လှူဒါန်း

**ဇမ္ဗူသီရိ စက်တင်ဘာ ၁၃**

ဇမ္ဗူသီရိမြို့နယ် နေပြည်တော် သာသနာရေးမှူးရုံး၌ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏာသိဒ္ဓိရပ်ကွက်နေ ထုတ်ဝေသူ အမျိုးသားစာပေဆုရ စာရေးဆရာ အောင်စိုးက ဗုဒ္ဓဘာသာသာသနာတော်ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်၍ ဗုဒ္ဓဘာသာဆိုင်ရာ စာအုပ်များ ပေးအပ်လှူဒါန်းခြင်းကို စက်တင်ဘာ ၁၁ ရက်က ကျင်းပသည်။



ဦးစွာ အမျိုးသားစာပေဆုရ စာရေးဆရာ အောင်စိုးက နေပြည်တော်သာသနာရေးမှူးရုံး၊ ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာ စာကြည့်တိုက်နှင့် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် မင်္ဂလာတိုက်ကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကေသရ၏ ဘဝဖြစ်တော်စဉ်စာအုပ်၊ မဲခေါင်စာပေဆုရ နေမင်းသန်းက မြန်မာဘာသာဖြင့် ရေးဖွဲ့ပူဇော်ပြီး ပါမောက္ခ ဒေါက်တာ ဇော်ထွန်းက အင်္ဂလိပ်ဘာသာပြန်ဆို ရေးဖွဲ့ပူဇော်သည့် သီကုံးပန်ဆင် ကဗျာ ဗုဒ္ဓဝင်စာအုပ်တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော် သာသနာရေးမှူးရုံး ညွှန်ကြားရေးမှူးက ကျေးဇူးတင်စကား ပြောကြားပြီး အလှူရှင် အမျိုးသားစာပေဆုရ စာရေးဆရာ အောင်စိုးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

**တင့်ဖူးခိုင်(ပြန်/ဆက်)**



## သမဝါယမကောလိပ်(မန္တလေး) အာစရိယပူဇော်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ပုသိမ်ကြီး စက်တင်ဘာ ၁၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် သမဝါယမကောလိပ်(မန္တလေး)၏ အာစရိယပူဇော်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ ရက်က သမဝါယမကောလိပ်(မန္တလေး) ရန်ကင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြပြီး ကျောင်းသားကျောင်းသူများက ကန်တော့ကြသည်။ ထို့နောက် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် တွဲဖက်ပါမောက္ခများက ဆုများချီးမြှင့်ပေးခဲ့သည်။

**သတင်းစဉ်**

## စစ်တွေ၊ ကျောက်ဖြူနှင့် မာန်အောင်မြို့များတွင် မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြမဲပေး

**စစ်တွေ စက်တင်ဘာ ၁၃**

ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ကျင်းပသည့် ဌာနဆိုင်ရာများအား မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြမဲပေးခြင်းကို စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းခွဲ၍ တစ်ရက်လျှင် လူဦးရေ ၈၀၀ စမ်းသပ်မဲပေးသည်။



အလားတူ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်နှင့် မာန်အောင်မြို့နယ်တို့တွင်လည်း ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းတို့ကို သက်ဆိုင်ရာမြို့နယ်ခန်းမများ၌ ဆောင်ရွက်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပခုက္ကူခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများနှင့် မိသားစုဝင်များ၊ အမှတ်(၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၀၆) သတင်းရဲတပ်ဖွဲ့စုမှတပ်ဖွဲ့ဝင်များ၊ အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်မှတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၆)ရထားရဲတပ်ခွဲ(ပခုက္ကူ)မှ တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၃ ရက်က ခုတင်(၂၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ဘာမီသာ(ပခုက္ကူ)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**


### တောင်ကြီးမြို့ ရိုးရာမီးပုံးပျံပွဲတော်အတွက် ဈေးပြိုင်လေလံခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ နှစ်စဉ်ကျင်းပသည့် တောင်ကြီးမြို့ ရိုးရာမီးပုံးပျံပွဲတော်ကို ၂၉-၁၀-၂၀၂၅ ရက်နေ့မှ ၅-၁၁-၂၀၂၅ ရက်နေ့အထိ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါလုပ်ငန်း(၄)မျိုးအတွက် လေလံလျှောက်လွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဈေးဆိုင်ခန်းများ၊ ပျံကျဈေးနှင့် လက်ပွေ့ဈေးသည်များလုပ်ငန်း၊
(ခ) ချားရဟတ်ကွင်း၊ ကလေးကစားကွင်းနှင့် ပျော်ပျော်အိအိကစားကွင်း လုပ်ငန်း၊
(ဂ) ယာဉ်ရပ်နားစခန်းလုပ်ငန်း(၁)၊ (၂)၊ (၃)၊ (၄)
(ဃ) သန့်စင်ခန်းလုပ်ငန်း

၂။ **လေလံလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၀-၉-၂၀၂၅ ရက် (ရုံးချိန်အတွင်း)
၃။ **လေလံလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၉-၂၀၂၅ ရက် (၁၆:၃၀ နာရီ)
၄။ **လေလံလျှောက်လွှာစတင်ရောင်းချမည့်နေရာနှင့် လေလံတင်သွင်းရမည့်နေရာ** - ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်းကော်မတီရုံး (ရှမ်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး)
၅။ **လေလံဖွင့်လှစ်မည့်ရက် အချိန်နှင့်နေရာ** - ၂၆-၉-၂၀၂၅ ရက် (၀၉:၃၀ နာရီ) ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)

၆။ ကုမ္ပဏီများမှ ကြော်ငြာဆိုင်းဘုတ်များဆောင်ရွက်ခြင်း ဆက်သွယ်ရေးကုမ္ပဏီများမှ ဆက်သွယ်ရေးကွန်ယက်လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ရန် ယာယီရွှေ့ပြောင်းနိုင်သည့် Mobile Tower များ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်းကော်မတီရုံးသို့ ဆက်သွယ်လျှောက်ထား ဆောင်ရွက်သွားရမည်။

၇။ လေလံလျှောက်လွှာတင်သွင်းသူများသည် သတ်မှတ်ရက်၊ သတ်မှတ်ချိန်အတွင်း လာရောက်တင်သွင်းရန်နှင့် ၎င်းနေ့ရက်၊ အချိန်ထက်နောက်ကျ၍ တင်သွင်းလာသော လေလံလျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။ သတ်မှတ်စည်းကမ်းချက်များနှင့် မပြည့်စုံသည့် လျှောက်လွှာများအားလည်း လက်ခံစဉ်းစားမည် မဟုတ်ပါ။ လေလံလျှောက်လွှာနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်းကော်မတီရုံး၊ ဖုန်း- ၀၉-၂၀၀၄၄၀၅ ၊ ၀၉-၂၅၀၁၃၀၂၇၉၊ ၀၉-၄၄၅၁၃၁၆၉၂၊ ၀၉-၂၆၁၇၄၆၁၉၉ အား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်းကော်မတီ**


**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။**


MCB
Myanmar Citizens Bank

### မြန်မာနိုင်ငံသားများဘဏ်လီမိတက် အစုရှယ်ယာရှင်များသို့ ဖိတ်ကြားခြင်း

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ စာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာများကို အတည်ပြုရန်၊ ဒါရိုက်တာများ ရွေးချယ်တင်မြှောက်ရန်တို့အတွက် (၃၃) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးကို Online အသုံးပြု၍ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအား Zoom Meeting ဖြင့် တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည် -

ကျင်းပမည့်နေ့ရက် - ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့် အချိန် - နေ့လယ် (၁၅:၀၀) နာရီ မှ (၁၇:၃၀) နာရီ အထိ
ကျင်းပမည့် ပုံစံ - Zoom Online Meeting

မှတ်ချက် - အစုရှယ်ယာရှင်များထံ အစည်းအဝေးတက်ရောက်ရမည့် Zoom Webinar Link အား SMS ဖြင့် ပေးပို့အကြောင်းကြားရမည်ဖြစ်ရာ အစုရှယ်ယာရှင်များ၏ ဘဏ်နှင့် Securities Companies များ၌ ငွေချေးသက်သေခံလက်မှတ်စာရင်း ဖွင့်လှစ်ရာတွင်ဖော်ပြထားသည့် နေရပ်လိပ်စာနှင့် Mobile ဖုန်းနံပါတ်များ မှန်ကန်ရန် လိုအပ်ပါသည်။

- သို့ဖြစ်ပါ၍ အစုရှယ်ယာရှင်များအနေဖြင့် ဘဏ်မှပေးပို့သည့် ဖိတ်ကြားလွှာ ရောက်ရှိချိန်၌ ဖိတ်စာပေါ်တွင် ဖော်ပြထားသည့် ဘဏ်၌ မှတ်တမ်းတင်ထားသော အစုရှယ်ယာရှင်၏ Mobile ဖုန်းနံပါတ်အား မှန်/မမှန် စစ်ဆေးပေးပါရန်နှင့် Mobile ဖုန်းနံပါတ် ပေးထားခြင်းမရှိပါက (သို့မဟုတ်) ကွဲလွဲနေပါက မိမိတို့၏ Mobile ဖုန်းနံပါတ် အမှန်များအား 09-971518713 ထံသို့ ၂၃-၀၉-၂၀၂၅ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ Message ပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်



### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၉/ကရပ်ကွက်၊ မောင်းမကန်ကမ်းသာယာလမ်း၊ အမှတ်(၃၈၈/ခ)ဟုခေါ်တွင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၉/က)၊ မောင်းမကန်ကမ်းသာယာလမ်း၊ မြေကွက်အမှတ်(၃၈၈/ခ)၊ အကျယ်အဝန်းဧရိယာ(၀.၀၂၇၅)ဧကရှိ ဒေါ်ကျင်ထွေးအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကြီးချုပ်ဆိုပြီး လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်ထူးအောင်(၁၂/ဒဂဆ(နိုင်)၁၉၉၈၁၉)က အရှုပ်အရှင်းကင်းရှင်း၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချလိုကြောင်းအဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသဖြင့် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝင်းဝင်းနွယ် LL.B, B.A (Business Law) တရားလွှတ်တော်ရှေ့နေ(စဉ် -၁၀၆၉၂)
အမှတ်(၁၂၂၉)၊ ပင်လုံလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း။ ဖုန်း-၀၉-၈၈၂၉၃၅၉၉၁



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန
### ပုသိမ်တက္ကသိုလ် (နေ့သင်တန်းနှင့် အဝေးသင် သင်တန်းများ)
### (၂၃) ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

ပုသိမ်တက္ကသိုလ်၏ (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် အောက်ဖော်ပြပါဘွဲ့အသီးသီးကို အောင်မြင်ခဲ့ကြသူများသည် လျှောက်လွှာများတင်သွင်းနိုင်ပါသည်-

(က) ပုသိမ်တက္ကသိုလ် **(နေ့သင်တန်း)**မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပါရဂူဘွဲ့(အဏုဇီဝဗေဒ)၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့၊ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့။
(ခ) ပုသိမ်တက္ကသိုလ် **(အဝေးသင် သင်တန်း)**မှ ၂၀၂၄ ပညာသင်နှစ် ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့။

**ဘွဲ့နှင်းသဘင်ကြေး**

တက်ရောက်ဘွဲ့ကြေး - ၁၅၀၀၀ိ/- (ကျပ်တစ်သောင်းငါးထောင်တိတိ)
အဝေးရောက်ဘွဲ့ကြေး - ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)
လျှောက်လွှာတင်သွင်းရမည့်ရက် - ၁၁-၉-၂၀၂၅ ရက်မှ ၃၁-၁၀-၂၀၂၅ ရက်ထိ(အဝေးသင် သင်တန်း)
၁၅-၁၀-၂၀၂၅ ရက်မှ ၃၁-၁၀-၂၀၂၅ ရက်ထိ (နေ့သင်တန်း)

**မှတ်ချက်**

၁။ သတ်မှတ်လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်ပြီး လျှောက်ထားရမည်။
၂။ လွန်ခဲ့သည့်(၃)လအတွင်း ရိုက်ကူးထားသော (၂လက်မ x ၁ ၁/၂ လက်မ)အရွယ် ဓာတ်ပုံ(၃)ပုံနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားမိတ္တူပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပြီး မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံများကို အပြည့်အစုံ စနစ်တကျဝတ်ဆင်၍ သပ်ရပ်စွာ ရိုက်ကူးထားသော ဓာတ်ပုံများဖြင့်သာ လျှောက်ထားရမည်။
၃။ သတ်မှတ်ဘွဲ့နှင်းကြေးများကို ပုသိမ်တက္ကသိုလ် ငွေကိုင်ဌာနတွင် ပေးသွင်းရပါမည်။
၄။ ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏ အောက်ခြေတွင် **"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"**ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ် စသည်များကိုလည်း တိကျစွာဖော်ပြလျှောက်ထားရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
၅။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင် တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။
၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ် များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
၇။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်သည်။
၈။ ဘွဲ့နှင်းသဘင်အခမ်းအနား အစီအစဉ်ကို ထပ်မံကြေညာပါမည်။
၉။ အသေးစိတ် သိရှိလိုသောအချက်များရှိပါက ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနခွဲ ဖုန်းနံပါတ်(၀၉-၄၂၉၇၁၆၉၁၆)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**ပုသိမ်တက္ကသိုလ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် (၅၁၄/၄)၊ ဦးပိုင်အမှတ် (၃၄၉)၊ ၂၆x၂၉လမ်းကြား၊ ၅၅x၅၆ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလီကျားချင်း၊ ဦးထွန်းထွန်းအောင်၏ (SPရရှိသူ ဦးကျော်ဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၁၄၁/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဦးသက်ဝင်းလှိုင် ၁၂/လမတ(နိုင်)၀၀၁၄၂၆ က အမှုတွဲအမှတ် (၂၄၆၁/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် (၅၁၄/၄)၊ ဦးပိုင်အမှတ် (၃၅၀)၊ ၂၆x၂၉လမ်းကြား၊ ၅၅x၅၆ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ LEE GAI CHIN၏ (SPရရှိသူ ဦးကျော်ဝင်း)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၁၁၄၀/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဦးသက်ဝင်းလှိုင် ၁၂/လမတ(နိုင်)၀၀၁၄၂၆က အမှုတွဲအမှတ် (၂၄၆၂/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၆)၊ ဦးပိုင်အမှတ် (၄၈)၊ ၃၀လမ်း၊ ၈၈(စီ)လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းထွေး ၁၃/မမတ(နိုင်)၀၃၈၃၄၄က အမှုတွဲအမှတ် (၂၄၇၃/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 72W/6049 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးကိုကို ၉/ပဥလ(နိုင်)၀၃၂၉၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၂၈၀၂၈ Hensim-110 ယာဉ်လက်ဝယ်ရှိသူ ဦးငွေးတင် ၅/ဝလန(နိုင်)၁၁၀၉၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅W/2679 Luojia ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မင်း ၉/ခမစ(နိုင်)၀၆၂၆၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/52738 Kenbo-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်စိုး ၅/ကနန(နိုင်)၀၂၀၀၁၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/77869 Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစန်းတင့် ၉/မနတ(နိုင်)၀၅၀၃၈၅၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၇၃၁၁၆ Canda-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေဝေလင်း ၁၃/မဘန(နိုင်)၀၁၄၁၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ ၂၀)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂၅

ဒေါ်မိုးပွင့်ဖြူ (ခ)မြင့်မြတ်ထွေး **နှင့်** ဒေါ်ရီမြင့်
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး ၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ(၇)လမ်း၊ အမှတ်(၃၇၅)နေ တရားပြိုင်ဒေါ်ရီမြင့် (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်မိုးပွင့်ဖြူ(ခ)မြင့်မြတ်ထွေးက " ၁၉-၂-၂၀၂၄ ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စရန်ပေးကတိစာချုပ်ပါ ပဋိညာဉ်ဖောက်ဖျက်သည့်အတွက်စရန်ငွေနှင့် ယင်းစရန်ငွေတို့၏တူညီသော နောက်ထပ်နှစ်ဆဖြစ်သော ငွေကျပ်(၄၈၀၀၀၀၀၀၀/-) (ကျပ်သိန်းလေးထောင့်ရှစ်ရာတိတိ)ရလိုမှု"လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် (၁၃၈၇ခုနှစ် ၊ သီတင်းကျွတ်လဆန်း၊ ၄ ရက်) မွန်း မတည့်မီ(၁၀:၀၀)နာရီတွင် အထက်အမည်ပါသူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်အထက်ပါနေ့ရက်တွင်သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက် ကွယ်တွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီလာအောင်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ၊ ကွင်းအမည်-လှည်းကူးကွင်း၊ ကွင်းအမှတ်-၁၀၄၁A၊ ဦးပိုင်အမှတ်-၁/၃၅ အရှေ့လားသော်-ဦးလှမြင့်နေအိမ်၊ အနောက်လားသော်-နေကျော်လမ်းသွယ်၊ တောင်လားသော်-ဒေါ်အညာသူနေအိမ်၊ မြောက်လားသော်-ဒေါ်မြင့်မြင့်ဝင်းခြံမြေ အဆိုပါအလား(၄)ရပ်အတွင်းရှိ ဒေါ်ဇာခြည်စောဝင်းအမည်ပေါက်၊အလျား(၂၀ ပေ)Xအနံ (၆၀)ပေရှိနေအိမ်နှင့် မြေကွက်၏ အကျိုးခံစားခွင့်ရပ်ရပ်ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းအဆိုပြုသူ ဒေါ်ဇာခြည်စောဝင်း (၉/ပမန(နိုင်)၂၃၈၆၈၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကာ(၅/ကလန(နိုင်)၀၈၀၅၄၀)က အပြီးအပိုင်ဝယ်ယူရန် သဘောတူပြီးစရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်၊ စာရွက်စာတမ်းမူရင်း အပြည့်အစုံနှင့်အတူ ယခုသတင်းစာကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးမမ(စဥ်-၁၃၆၂၈) တရားလွှတ်တော်ရှေ့နေ**
**၈၂/၁၁၅၊ ကုန်သည်လမ်း၊ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့ ၊ရန်ကုန်တိုင်းဒေသကြီး။**
**PH-09-297188569**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၈၈-၁၂)၊ ဦးပိုင်အမှတ် (၇၅)၊ ၄၈ x ၄၉ကြား၊ ၁၀၇ x ၁၀၈လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ တသအောင်မြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၈၆၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ချိုချိုဦး ၉/အမရ(နိုင်) ၀၀၀၄၄၅ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၄၅၈/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၈၈-၁၂)၊ ဦးပိုင်အမှတ် (၇၆)၊ ၄၈ x ၄၉ကြား၊ ၁၀၇ x ၁၀၈ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းရွှေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၈၆၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ချိုချိုဦး ၉/အမရ(နိုင်) ၀၀၀၄၄၅ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၄၅၉/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ-၉)၊ ဦးပိုင်အမှတ် (၃၁)၊ ၄၉ x ၅၀ကြား၊ ၁၁၆ x ၁၁၇ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးကုလား၏ (SP ရရှိသူ ဒေါ်သီတာဦး)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၁၉၇၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးသန်းဇော်ထွေး ၅/ခတန(ပြု)၀၀၀၁၅၉၊ ဒေါ်တင်အေးခိုင် ၅/ခတန(ပြု) ၀၀၀၂၀၂တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၄၆၅/၂၀၂၅-၂၀၂၆)ဖြင့် တောမှ မြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂ )
## ပုသိမ်ခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် ၊ တရားမကြီးမှုအမှတ် ၂၂၀ နှင့် ဆက်နွှယ်သည့် ၂၀၂၅ ခုနှစ် ၊ တရားမဇာရီမှုအမှတ် ၄၉

UMG Co; Ltd **နှင့်** ၁။ ဗိုလ်မှူးမြင့်ဦး ( ငြိမ်း )
(၎င်း၏ကိုယ်စား ဦးလှိုင်မင်းဦး DH ) ၂။ ဦးစောတလိထေ
၃။ ဦးတင်မြင့်
**(ဒီကရီအနိုင်ရသူ )** **(တရားရှုံးများ)**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ပိုင်းရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၇၄)တွင် နေထိုင်သူ ဗိုလ်မှူးမြင့်ဦး(ငြိမ်း)(ယခုနေရပ်လိပ်စာမသိ )နှင့် ကရင်ပြည်နယ် ၊ ဘားအံမြို့ ၊ (၉)ရပ်ကွက်၊ရတနာဒီပ၊ ကျန်စစ်သားလမ်း၊ အမှတ်(၉/၄၀၃)တွင် နေထိုင်သူ ဦးစောတလိထေ (ယခုနေရပ် လိပ်စာမသိ) တို့ သိစေရမည်။

သင့်အပေါ်၌ ၂၀၂၂ခုနှစ် ၊ တရားမကြီးမှုအမှတ် ၂၂၀ တွင်ကျရှိသည့် ဒီကရီကို အတည် ပြုရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်း တစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၅ ခုနှစ် ၊ စက်တင်ဘာလ ၃၀ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည် ။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းစန်းဝင်း )**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ပုသိမ်ခရိုင်တရားရုံး**

## ဒေါ်စုတင်ဇာချို (၈ / ခမန(နိုင်) ၂၁၀၃၈၅) နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ၁-ကွက်၊ ၃၆ လမ်း၊ အိမ်အမှတ် (၈၆)နေ ဦးဝဏ္ဏလင်း ၉/မမန(နိုင်)၀၈၄၁၅၈ ၏ ဇနီးဖြစ်သူ ဒေါ်စုတင်ဇာချိုသည် ကျွန်ုပ်မိတ်ဆွေ ဦးဝဏ္ဏလင်း၏ ဆိုဆုံးမမှုကို လက်မခံဘဲ ခွင့်မလွှတ်နိုင်သည့် အမှားအယွင်းမျိုးကို ပြုလုပ်ကျူးလွန်ခဲ့ပြီး အိမ်မှအပြီးဆင်းသွားပြီးဖြစ်ရာ ယနေ့မှစ၍ ၎င်းနှင့်ကျွန်ုပ်မိတ်ဆွေ ဦးဝဏ္ဏလင်းတို့မှာ မည်သို့မှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း ဒေါ်စုတင်ဇာချိုနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စုတင်ဇာချိုနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တစ်စုံတစ်ရာ ဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် လာရောက်မေးမြန်းခြင်း၊ စုံစမ်းခြင်းများ မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေလင်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၆၆)**
**အိမ်အမှတ် (၅/၂၆၅)၊ ပြည်တော်သာ (၃) လမ်း ၊ ရပ်ကွက်ကြီး (၅)၊**
**ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၄၆၇၃၉ ၊ ၀၉-၇၈၂၀၄၆၇၃၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၅၉)၊ ဦးပိုင်အမှတ် ၁၁-စ၊ ၃၂x၃၃ကြား၊ ၆၉x၇၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သိင်္ဂီညွန့် ၉/မရမ(နိုင်)၁၄၅၉၀၉၊ ဒေါ်အေးအေးမွန် ၉/မရမ(နိုင်)၀၄၅၈၉၇တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ် (၆၆+၆၅+၆၄)၊ ၄၉x၅၀ကြား၊ ၁၁၁x၁၁၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရဲမြင့် ၅/တမန(နိုင်)၀၂၉၄၂၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/9044 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချောငယ်ငယ် ၁၃/ညရန(နိုင်)၀၅၈၉၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ရှမ်းပြည်နယ်ရုံး(တောင်ကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 28W/98867 Honda Wave 110 ယာဉ်အမည်ပေါက်ရှိသူ နစီမာဘီ (ခ) ကြည်ကြည်ဝင်း ၁၃/တကန(နိုင်)၁၁၁၆၇၀၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ရှမ်းပြည်နယ်ရုံး(တောင်ကြီး)**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ အင်းတဲကျေးရွာ၊ အလက Grade-8 ကျောင်းသား၊ မောင်ဘုန်းခန့်သွေး၏ ဖခင် ဦးခင်မောင်လင်း၏အမည်မှန်မှာ ဦးကိုလင်း ၈/ရနခ(နိုင်) ၀၉၉၁၁၉ ဖြစ်ပါကြောင်း။

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ အေးရိပ်ညို ကိုယ်ပိုင်အထက်တန်းကျောင်းနေ၊ Grade-12 ကျောင်းသူမမေသွန်းခက် ၈/စလန(နိုင်)၂၇၄၁၈၇ ၏ ဖခင်အမည်မှန်မှာ ဦးငွေးလွင် ၈/စလန(နိုင်)၀၆၃၅၇၃ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် တာဝကုန်းတန်း(မူလွန်)ကျောင်းမှ ဒုလယ်ပြ ဒေါ်သူဇာနွယ်၇/သနပ(နိုင်)၀၇၄၂၉၉ ၏ ဖခင် ဦးအုန်းသွင်နှင့် ဦးအုံးသွင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း ။

**ဦးအုန်းသွင်(ခ)ဦးအုံးသွင်**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် အောက်တကဲကျေးရွာ (အ.ထ.က(ခွဲ) အောက်တကဲ) ကျောင်း Grade-11 မှ မောင်သုတအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀.၂.၂၀၀၉ ဖြစ်ပါကြောင်း။

**မောင်သုတအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/93040 Honda Scoopyi 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မျိုးမြင့်သန်း ၅/ပလန(နိုင်)၀၇၀၇၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာ)မြို့**

## ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/9812 Honda Fit GE6, Hatch Back(4x2)R ယာဉ် လက်ဝယ်ရှိသူ ဒေါ်မီမီသင်းအောင် ၅/မရန(နိုင်)၁၄၀၂၉၇ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/93514 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းအောင် ၇/ရတရ(နိုင်)၁၃၉၆၁၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅ )
## ပြင်ဦးလွင်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၄

ဒေါ်စန္ဒာဝေ နှင့် ဦးကတ်စိန်
တရားလို တရားပြိုင်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ မြတ်လေးလမ်း၊ အကွက်(တ)နေ တရားပြိုင် ဦးကတ်စိန် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန္ဒာဝေက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ရက် (၁၃၈၇ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သောအထောက်အထားစာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀ ၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နှင်းယုလွင်)
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့၊ အ.ထ.က Grade-10(B) တွင် ပညာသင်ကြားနေသော မောင်မိုးသက်အောင် ၈/မတန(နိုင်)၀၇၇၉၇၂ ၏ ဖခင်အမည်မှန်မှာ ဦးအေးဝင်းနိုင် ၈/ကမန(နိုင်)၀၄၃၅၁၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အထက(၁)မုဒုံမှ Grade-12 တွင် ပညာသင်ကြားနေသော မောင်အောင်အောင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းဦး ၁၀/ကမရ(နိုင်)၀၉၀၇၂၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အထက(၁)မုဒုံမှ Grade-10 တွင် ပညာသင်ကြားနေသော မင်းဇော်လင်းထက်၏ ဖခင်အမည်မှန်မှာ ဦးအေးလွင် ၆/ရဖန(နိုင်)၀၄၇၈၇၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မော်လမြိုင်မြို့နယ်၊ ဖားအောက်ကျေးရွာအုပ်စု၊ (၅)ရပ်ကွက်နေ ဖားအောက် အမှတ်(၂)မူလတန်းကျောင်း Grade-4မှ မောင်စျာန်ဟိန်းထက်၏ ဖခင်အမည်မှန်မှာ ဦးမျိုးသူအောင် ၆/ကသန (နိုင်) ၀၃၆၅၁၃ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၃/က၊ မြေကွက်တည်နေရာ အမှတ် (၄)၊ သံသုမာလမ်း၊(ဃ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်(ဦးဘတင်)အမည်ပေါက် Bမြေအား အမည်ပေါက် ဦးဘတင်နှင့် ဦးလှဝင်း၊ ဒေါ်တင်ပု၊ ဦးတင်တို့ကို တရားပြိုင်ထားကာ ဒေါ်စန်းဝင်းမှ တရားလိုပြုလုပ်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် သဃ်န်းကျွန်းမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၂၆/၂၀၂၃(၃-၅-၂၀၂၄)၏ စီရင်ချက်၊ တရားမဒီကရီမှုအမှတ် ၁၄/၂၀၂၄(၂၆-၇-၂၀၂၄)၏ထုံးပုံကျ အပြီးသတ်အမိန့်၊ တရားရုံးဘီလစ်ခန့်စာတို့တင်ပြ၍ ဘီလစ် ဦးထွန်းထွန်းအောင် ၉/မလန(နိုင်)၀၉၅၇၆၈မှ ရေိယာ (၃.၁၄၄)ကေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ အစိတ်အပိုင်း (Portion)(၂၀'x၆၀')ကို အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်သည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၁)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂)၊ မြေကွက်အမှတ် (၃၄၅)၊ မြေရေိယာ(၀.၀၅၅)ကေရှိ မြေအားဦးတင် အောင်(ခ)ဦးတင်မောင်မှ မြေငှားဂရန်အသစ်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၉)၊ မဏိစန္ဒာလမ်း၊ မြေကွက်အမှတ်(၁၉၅၉)၊ ဒေါ်ခင်ခင်ချို ISN-၀၉၁၄၅၅ အမည်ပေါက် အကျယ်အဝန်း ၄၀ပေx ၆၀ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း ၁၀ပေx ၆၀ပေ ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူ၍ လက်ရောက်ရရှိထားလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသန်းထွဋ်မြင့် ၁၂/မဂတ(နိုင်)၀၃၆၆၅၀ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မေမီဝင်းမောင် ၁၂/ဒဂမ(နိုင်)၀၄၉၁၂၆က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ခိုင်လုံသောစာရွက်စာတမ်းမူရင်းများကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မေမီဝင်းမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဂျူလိုင်မိုး(LL.B,D.B.L,Wipo, switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၀၇၃)**
**အမှတ်(၇၉၅/ခ)၊ လေးကျွန်းဇမ္ဗူလမ်း၊ (၅၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅**

## KONNECT COMPANY LIMITED
## အစည်းအဝေးအကြောင်းကြားခြင်း

KONNECT COMPANY LIMITED သည် မတည်ငွေရင်းလျှော့ချခြင်းအား အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူမည့် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ကြောင်းအကြောင်းကြားအပ်ပါသည်-

**ကျင်းပမည့်ရက်** - ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက်။
**ကျင်းပမည့်အချိန်** - နံနက် (၁၀:၀၀) နာရီ
**ကျင်းပမည့်နေရာ** - ကုမ္ပဏီရုံးခန်း
**ဆွေးနွေးမည့် အကြောင်းအရာ** - သာမန်အစုရှယ်ယာ လျှော့ချမည့် အကြောင်းအရင်း

ဒါရိုက်တာအဖွဲ့
KONNECT COMPANY LIMITED

## ပတ်စ်ပို့ပျောက်

မြိတ်မြို့၊ ဆိပ်ငယ်ရပ်ကွက် ဗိုလ်ချုပ်လမ်းနေ (ဘ)ဦးကျော်ကျော်၏ သားဖြစ်သူ မောင်ရဲမင်းနိုင် ၆/မမန(နိုင်) ၂၁၀၂၅၁ ၏ပတ်စ်ပို့နံပါတ် (MF-337861)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ် အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၁၁၁၄၅၀၀

## မွေးသက္ကရာဇ်အမှန်နှင့် တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အထက(ခွဲ)ဂျိုးဖြူစံပြမှ ဒုတိယမူလတန်းပြ ဒေါ်ဇင်မာယု ၁၂/တကန(နိုင်)၁၁၁၃၉၇၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၄-၁၉၇၉ နှင့် ဖခင် ဦးတင်အုံး ၁၂/တကန(နိုင်) ၀၄၉၄၀၁ နှင့် ဦးတင်အုန်း သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အထက(ခွဲ)ဂျိုးဖြူစံပြမှ ဒုတိယအလယ်တန်းပြ ဒေါ်စန္ဒာ ၁၂/တကန(နိုင်) ၁၀၅၄၄၂၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉၉၆ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်(က)အရ ၅-၅-၁၉၇၈ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အထက(ခွဲ)ဂျိုးဖြူစံပြမှ လက်ထောက်မူလတန်းပြ ဒေါ်ခင်ဝါဝါမိုး ၁၂/တကန(နိုင်) ၁၈၂၉၀၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ၂၇-၂- ၁၉၉၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စု၊ ထုံးဘိုကျေးရွာ၊ ကွင်းအမှတ်(ပြင်)၊ ဦးပိုင်အမှတ်(N-216)၊ မြေရေိယာ ၀ဒသမ ၂၇ ကေထဲမှ အကျယ်အဝန်း အရှေ့(၃၀)ပေ၊ အနောက်(၃၀)ပေ၊ တောင်(၇၀)ပေ၊ မြောက်(၇၀)ပေ၊ အကွက်အမှတ်(E)(လက်ရှိမြေပေါ်ရှိ အတိုင်းအတာ) မြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး(အုတ်တံတိုင်းခတ်အပြီးအစီး)တို့ကို ဒေါ်အိမွန်စိုး ၅/တဆန(နိုင်)၁၄၈၅၅၀ထံမှ ဦးအောင်သူ ၅/ကလတ(နိုင်)၁၀၆၁၅၀၊ ဒေါ်သင်းသင်းနွယ် ၉/မဟမ(နိုင်)၀၄၈၃၂၃က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ပတ်သက်၍ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်သူ** — **ဦးနေမျိုးဇော်(LL.B,D.B.L)**
**၅/ကလတ(နိုင်)၁၀၆၁၅၀** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်သင်းသင်းနွယ်** — **ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့**
**၉/မဟမ(နိုင်)၀၄၈၃၂၃**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လူနေရပ်ကွက်အမှတ်-၈၊ စံပယ်(၂)လမ်း၊ မြေကွက်အမှတ်(၂၂၁/ခ) ဦးမောင်မောင် (IGU-၁၃၄၉၈၅)အမည်ပေါက် မြေအကျယ်-အလျား(၂၀)ပေxအနံ(၆၀)ပေရှိ မြေချပါမစ်မြေကွက်အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ဝယ်ရရှိထားသူ ဦးမြစိုး (၁၂/ဗတထ(နိုင်) ၀၀၇၀၀၂က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပါသောကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် မြေနှင့်အိမ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ အဆိုပါ မြေနှင့်အိမ် အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံ လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်အား ဆက်လက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဂရေစီအေးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၈၇/၁၇)**
**အမှတ်(၄၃၈/က)၊ သစ္စာလမ်း၊ ၁၀-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ သပြေ(၂၆)လမ်းနှင့် စစ်တောင်း(၁၅)လမ်းထောင့်၊ မြေကွက်အမှတ်(ပ-၂၂၉၅၉)၊ အကျယ်အဝန်း (၆၀x၈၀)ပေ၊ ဧရိယာ(၀.၁၁၀)ကေရှိ အိမ်ဝိုင်းခြံမြေအား ဒေါ်မေနွယ်သွင်(ခ) ဒေါ်နွယ်နွယ်ဦး (၁၂/တမန(နိုင်)၀၁၅၅၀၄)မှ တရားဝင် ပိုင်ဆိုင်အသုံးပြုလျက်ရှိပြီး ၎င်းမှလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည် ဟု အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီနီရည်ဝေ(LLB, C.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၄)၊ ပေါင်းလောင်း(၁)၊ (၈)လမ်း၊ ပျဉ်းမနားမြို့**
**ဖုန်း-၀၉-၄၃၁၃၅၈၅၉**

## ဖခင်အမည်မှန်

ရေကြည်မြို့နယ်၊ အထကခွဲ-ချောင်းဝကျောင်းမှ Grade-12 တန်းမှ မောင်ပိုင်ထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းထွန်း ၁၄/ငသခ(နိုင်)၀၂၀၈၃၁ ဖြစ်ပါကြောင်း။

ဦးကျော်ဝင်းထွန်း

## ကျောင်းသူအမည်မှန်

ရေကြည်မြို့နယ်၊ အမက-ဆိတ်ချေးကုန်းကျောင်း Grade-1 တန်းမှ (ဘ)ဦးအောင်ပြည့်ဖြိုးထိုက်၏သမီးအမည်မှန်မှာမမှူးပြည့်သျှမ်ဖြစ်ပါကြောင်း။

မမှူးပြည့်သျှမ်

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အထက(2) Grade (12) မှ မနန်းရတနာစိုး ၏ ဖခင် ဦးစံမြ (၁/ရကန(နိုင်) ၀၃၃၀၈၄) (ခ) ဦးစိုးနိုင် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၀)၊ မြေကွက်အမှတ် (၂၈၀)၊ မြေရေိယာ (၀.၀၅၅) ကေ အကျယ်အဝန်းရှိ နှစ် (၆၀) ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၂၈၀)၊ ထန်းတပင်လမ်း၊ ၁၂၀-ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဝင်းလဲ့ဖြူ (ဘ)ဦးသိန်းဝင်း (၁၂/မရက(နိုင်) ၁၄၇၄၄၁)၊ အမှတ် (၁၀၂)၊ မေယု (၃) လမ်း၊ (က) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူထံမှ ဝယ်ယူရန်စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** — **ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်/၁၆၁၉၆)** — **တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅**
**ဖုန်း ၀၉-၅၁၇၁၄၃၃** — **ဖုန်း-၀၉-၂၅၄၄၈၈၃၃၀**
**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ဝမ်းတွင်းမြို့၊ သဲတော(၁)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၊ ၁-ဂ/သဲတောအလည်ရပ်၊ ဦးပိုင်အမှတ် ၁၁၂၊ မြေဧရိယာ ၀.၀၈၈ ဧကရှိ မြေကွက်သည် မူလက ဦးသုန် အမည်ဖြင့် ၂၃-၁၁-၁၉၃၄ရက်မှ ၂၂-၁၁-၁၉၆၄ ရက်အထိ ၃၀ နှစ်မြေငှားဂရန်ရရှိထားပါသည်။ ဦးသုန်-ဒေါ်ဉာဏ်တို့သည် တစ်ဦးတည်းသော တရားဝင်ဇနီးခင်ပွန်းများဖြစ်ကြပြီး အသီးသီးကွယ်လွန်သွားပြီဖြစ်ပါသည်။ ၎င်းတို့တွင် ဦးခင့်စိန်၊ ဦးဝှမ့်စိန်၊ ဦးကျင့်စိန်၊ ဦးစိုင်စိန်၊ ဒေါ်စိန်မြိုင်၊ ဒေါ်ဟုန်မြိုင် စသည့်သားသမီး (၆)ဦးထွန်းကားခဲ့ပြီး အသီးသီးကွယ်လွန်သွားကြပြီဖြစ်ပါသည်။ အမွေဆက်ခံကျန်ရှိသူအဖြစ် ဦးခင့်စိန်၏ သမီးဒေါ်အေးအေးစမ်း တစ်ဦးတည်းသာကျန်ရှိပါကြောင်း ဒေါ်အေးအေးစမ်းမှကျမ်းသစ္စာကျိန်ဆို၍ စာချုပ်စာတမ်းမှတ်ပုံတင်ပြီး မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။ အဆိုပါလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မိတ္ထီလာခရိုင်

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## မူဆယ်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅

ဒေါ်နွယ်နွယ်လှိုင် **နှင့်** ၁။ ဦးအိုက်ရီ
၂။ ဒေါ်ချန်ကွေလန်(ခ)ချိန်ခွေလန့်(ခ)မဘောက်
၃။ ဦးဇော်နီသိန်း
(တရားလို) (တရားပြိုင်များ)

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ မူဆယ်မြို့၊ ဈေးရပ်ကွက်၊ အိမ်အမှတ်(ဈ-၅)ရပ်နေ (၁)တရားပြိုင် ဦးအိုက်ရီနှင့် (၂)တရားပြိုင်ဒေါ်ချန်ကွေလန်(ခ)ချိန်ခွေလန့်(ခ) မဘောက် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ ဒေါ်နွယ်နွယ်လှိုင်က (၁၅-၃-၂၀၁၉)ရက်စွဲပါ မူဆယ်ခရိုင်တရားရုံး၊၂၀၁၉ခုနှစ်၊တရားမကြီးမှုအမှတ်(၃)တွင် ချမှတ်ထားသည့်ဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေငြာပေးစေလိုမှု ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် (၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သောအထောက်အထားစာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှိုင်မျိုးအောင်)
ခရိုင်တရားသူကြီး
မူဆယ်ခရိုင်တရားရုံး

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူမြို့နယ်၊ မူလွန်(မအူတော)မှ ဒု-အလယ်တန်းပြ နော်မားဂရက်ပိုး၏ အမည်သည် အမှုထမ်းသက်စာအုပ်တွင် ဒေါ်မားဂရက်ပိုး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် နော်မာဂရက်ပိုး ၇/တငန(နိုင်)၁၃၃၈၇၆ဟု အမည်များကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

နော်မားဂရက်ပိုး(ခ)ဒေါ်မားဂရက်ပိုး(ခ)နော်မာဂရက်ပိုး

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်းအထက် အမှတ်(၁၇၉)ရှိ မြေညီထပ်၊ အကျယ်အဝန်း (၁၂ ½ x ၄၀)ပေ၊ တိုက်ခန်းနှင့် ရေ၊ မီတာ၊ ပါဝါမီတာ (သီးသန့်)နှင့် နံရံကပ်စံစွဲအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်စောရီမှ ဝယ်ယူပိုင်ဆိုင်ပြီး ဒေါ်စောရီ (ကွယ်လွန်)၊ (ခင်ပွန်း) ဦးပု (ကွယ်လွန်)သဖြင့် သမီးဖြစ်သူ ဒေါ်ကြူကြူဆွေ (၁၂/ပဘတ(နိုင်)၀၀၃၅၃၈)မှ ရောင်းချရန် ကမ်းလှမ်းခဲ့ရာတွင် (က) ဦးသိန်းဦး (၁၂/လသန(နိုင်)၀၀၈၇၁၆)၊ (ခ) ဒေါ်ရီရီထွေး (၁၂/လသန(နိုင်)၀၀၆၉၆၄)တို့မှ ဝယ်ယူရန် သဘောတူညီပါသဖြင့် (၁၄-၈-၂၀၂၅)ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းဦး+၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိလတ်ဖြိုး(စဉ်-၃၀၈၀၇)**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၅၀၃၃၀၅၂၊ ၀၉-၇၈၉၉၅၉၃၆၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/65886 , HONDA DREAM(ND-125 M), ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ချိုဦး ၁၀/သထန(နိုင်)၁၀၅၃၃၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သထုံ)

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 35W/7939, HONDA WAVE-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှသန်း ၁၄/ပသန(နိုင်)၁၈၀၈၅၉ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/64578, LUOJIA-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေလှိုင်ထွန်း ၁၄/အဂပ(နိုင်)၁၈၂၂၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)
ပြည်မြို့

## မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၊ အထက(၁)နေ မဟတ်နိမ်လင်း G-12၏ မိခင်အမည်မှန်မှာ ဒေါ်တင်ရာနင် ၅/ခတန(နိုင်)၀၁၂၇၉၆ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၊ အထက(၁)နေ မမေကြူလှိုင် G-12 ၏ မိခင်အမည်မှန်မှာ ဒေါ်နှင်းမေ ၅/ဟမလ(နိုင်)၁၂၈၀၇၂ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ကိုးဆုစံပြကျေးရွာနေ ဦးစိုးငြိမ်း ၁၄/ပသရ(နိုင်)၀၆၂၈၄၄၏ ဖခင်အမည်မှန်မှာ ဦးဖိုးသစ်(ခ)ဦးဘိုးသစ်တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဖိုးသစ်(ခ)ဦးဘိုးသစ်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် နေကိုဇင်လတ်စိုး ၁၂/သကတ(နိုင်)၁၉၇၁၄၀ သည် စီဒီစီအမှတ်-138242သည် စီဒီစီစာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၆၉၉၃၀၂၆၀၂ သို့ပြန်လည် အကြောင်းကြားပေးပါခင်ဗျာ။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းပဲတန်းမြို့နယ်၊ (၄) ရပ်ကွက်၊ (၂၇)လမ်း၊ အမှတ်-၁၃၉နေ ဒေါ်စန္ဒာထွေး ၁၂/သဃက(နိုင်)၁၅၇၀၉၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

